မြန်မာ သတင်းလွှာ

A month-in-review of events in Burma

ALTERNATIVE ASEAN NETWORK ON BURMA
campaigns, advocacy & capacity-building for human rights & democracy

အမှတ် ၇၃

၂၀၁၃ ခု ဇန်နဝါရီလ

- ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အပေါ်အစိုးရ စစ်တပ်မှ ထိုးစစ်ဆင်နေမှုများသည် လေကြောင်းထိုးစစ် များ၊ လက်နက်ကြီးများ၊ မော်တာများ၊ အစုပြုလိုက် ပေါက်ကွဲစေသောဗုံးများအား အသုံးပြုခြင်းဖြင့်သိသိသာသာ ပြင်းထန်လာသည်။
- သမ္မတဦးသိန်းစိန်က တဘက်သတ်အပစ်ရပ်မည် ဟုကြေငြာခဲ့သော်လည်း အစိုးရတပ်များကလိုင်ဇာရှိ KIA ၏ဗဟိုဌာန ချုပ်စခန်းများအား အဆုံးသတ်ထိုးစစ်များဆင်နွှဲနေကြ သည်။
- မြန်မာအစိုးရစစ်တပ်မှ အသစ်ပြန်လည်ပြုလုပ်သောထိုးစစ် ကြောင့်အရပ်သားများ၏ အိုးအိမ်များဖျက်ဆီးခံရခြင်း၊ အရပ် သားများအသတ်ခံရခြင်းစသည်တို့ဖြစ်ပွားခဲ့ပါသည်။ အစိုးရ ကစစ်တပ်၏လုပ်ဆောင်မှုများသည် မိမိကိုယ်ကိုကာကွယ် ရန်သာဖြစ်ပါသည်ဟုကြေငြာခဲ့သည်။
- လွှတ်တော်အမတ်များ၊ နိုင်ငံရေးပါတီများနှင့်တိုင်းရင်းသား အဖွဲ့အစည်းများက ကချင်ပြည်နယ်၌အပစ်အခတ်ရပ်စဲရန် အတွက်တောင်းဆိုခဲ့ကြသည်။ UN UK အမေရိကန်နှင့် ဥရောပတို့က အစိုးရစစ်တပ်၏ထိုးစစ်များအပေါ်အထူးစိုးရိမ် မိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။
- တက်ကြွလှုပ်ရှားသူများအား အကျဉ်းချနိုင်ရန်နှင့် ငြိမ်း ခြောက်ပိတ်ပင်တားဆီးနိုင်ရန်တို့အတွက် ရာဇဝတ်မှုပုဒ်မ များ၊ ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေတို့ကိုအစိုးရမှဆက်လက်အသုံးပြု နေဆဲဖြစ်သည်။
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် ဥပဒေပြုရေးဆိုင်ရာတို့ တွင်အစိုးရမှ သိသာသောပြောင်းလဲမှုများမပြုလုပ်ခဲ့သည့် အတွက် မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေတိုးတက် မှုမှာ အကန့်အသတ်ဖြစ်ခဲ့ရသည်ဟူ လွတ်လပ်သောအစီရင်ခံ စာလေးစောင်တွင်ဖော်ပြထားသည်။
- မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ရိုဟင်ဂျာလှေစီး ဒုက္ခသည်တို့ အပြောက်အများထွက်ခွာလာမှုများသည်ပိုမို များပြားလာခဲ့သည်။ ထိုင်း၊ မလေးရှားနှင့်ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များသည် ထိုလှေစီးဒုက္ခသည်များအား နိုင်ငံ တွင်းသို့ပေးမဝင်ယုံသာမကပဲ နိုင်ငံပြန်ပို့မည့်ခြိမ်းခြောက် မှုများကိုပါ ပြုလုပ်လျက်ရှိသည်။
- အစောပိုင်းက ရှုပ်ထွေးမှုများရှိခဲ့ပြီးနောက်တွင် ထိုင်းနိုင်ငံ ကရွှေ့ပြောင်းအလုပ်သမားများအတွက် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်နောက်ဆုံးသတ်မှတ်ရက်ကို ဧပြီလ ၁၅ ရက်သို့ ထပ်တိုးပေးလိုက်သည်။

ယခုလသတင်းစဉ်အညွှန်း

ပင်မ သတင်းခေါင်းစဉ်
၂ အစိုးရစစ်တပ်မှ KIA ကိုတိုက်ခိုက်
၂ အရပ်သားများအား တိုက်ခိုက်မှု
၃ အစိုးရစစ်တပ်မှ အပစ်ရပ်သဘောတူမှုကို ချိုးဖောက်
၃ ပြည်တွင်းတုန့်ပြန်မှုများ
၄ နိုင်ငံတကာမှတုန့်ပြန်မှုများ
၅ တရုတ်၏ ပစ်တင်ပြောကြားမှု
မြန်မာနိုင်ငံပြည်တွင်းသတင်း
၅ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့်ပတ်သက်သောငြင်းခုံမှုများ
၅ ခေတ်မမီတော့သောဥပဒေများအားဖျက်သိမ်း
၅ မြေယာသိမ်းဆည်းမှုဆိုင်ရာဆန္ဒပြမှုများ
၆ မုံရွာကြေးနီမိုင်းဆန္ဒပြမှု
၇ IRC ဥက္ကဌမြန်မာပြည်ကိုလာရောက်
လူ့အခွင့်အရေးဆိုင်ရာ
၇ လူ့အခွင့်အရေးဆိုင်ရာပြဿနာများရှိနေဆဲ
၈ လွတ်လပ်စွာစုရုံးခွင့်ကို ကန့်သတ်ခံရ
အိုးအိမ်မဲ့ဖယ်ရှားခံရမှုများ
၉ ရိုဟင်ဂျာများအစုအဝေးနှင့်ထွက်ခွာလာမှုများမြင့်တက်လာ
၁၀ NVP နောက်ဆုံးရက် ထပ်တိုးပေး
နိုင်ငံတကာရေးရာ
၁၀ ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နှင့်တောင်ကိုရီးယားတို့သို့သွားရောက်
၁၀ အိန္ဒိယ၊ တရုတ်တို့နှင့်စစ်ရေးဆက်ဆံမှုများ
စီးပွားရေး
၁၁ နိုင်ငံခြားကြွေးမြီရှင်းလင်းရေး
၁၁ ရေနံနှင့်သဘာဝဓါတ်ငွေ့ ဈေးပြိုင်ခေါ်မှုများ
၁၂ အကျင့်ပျက်ခြစားမှုများနှင့် ထိန်းချုပ်မှုလျော့ချမှုများ
၁၂ အခြားမြန်မာပြည်ဆိုင်ရာသတင်း များ
၁၅ အစီရင်ခံစာများ

P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

- **ကြွေးရှင်နိုင်ငံများက မြန်မာနိုင်ငံ၏နိုင်ငံခြားကြွေး မြီ ၆၀ % ကိုလျှော်ပေးလိုက်ပြီးနောက် ကမ္ဘာ့ဘဏ်နှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့က မြန်မာနိုင်ငံအားကူညီထောက်ပံ့မှုများ တရားဝင်ပြန်လည်ပြုလုပ်ခဲ့ကြသည်။**
- **ဆက်သွယ်ရေးဈေးကွက်အား ထိန်းချုပ်မှုများလျော့ချရန် အစိုးရ၏ပထမဦးဆုံးအားထုတ်မှုကို ဆက်သွယ်ရေးဝန်ကြီးဌာနအတွင်း၌ အကျင့်ပျက်ခြစားမှုများရှိနေသည်ဟူသောစွပ်စွဲမှုများက အရိပ်ထိုးလွှမ်းမိုးလျက်ရှိနေသည်။**

ပင်မသတင်းများ

ဒီဇင်ဘာလကုန်ပိုင်းက ကချင်လွတ်မြောက်ရေးတပ်မတော် KIA အပေါ်ထိုးစစ်များတိုးမြှင့်လုပ်ဆောင်လာပြီးနောက် [*၂၀၁၁ ခုနှစ် ဒီဇင်ဘာလ မြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] ဇန်နဝါရီလတွင် အစိုးရတပ်များက လိုင်ဇာရှိ KIA ဌာနချုပ်အားအပြီးသတ်ထိုးစစ်များပြုလုပ်ခဲ့ကြသည်။ ကချင်ပြည်နယ်၏အခြားဒေသများတွင်လည်း အစိုးရတပ်များက စစ်ဆင်ရေးထိုးစစ်များပြုလုပ်ခဲ့ကြသည်။ မိုးမောက်၊ ဝိုင်းမော်၊ ချီဖွေ နှင့် ဖားကန့်မြို့နယ်များ တွင် အစိုးရတပ်များနှင့် KIA အကြားတွင်တိုက်ပွဲများနေ့စဉ်နီးပါးဖြစ်ပွားခဲ့သည်ဟု သတင်းများရရှိခဲ့သည်။ အစိုးရမှ ခုခံစစ်ဖြစ်ပါသည်ဟု အကြောင်းပြခဲ့သော ထိုးစစ်များအတွင်းရင်း၏တပ်များသည် အရပ်သားများကိုသတ်ဖြတ်ခဲ့ကာ နေအိမ်များစွာကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြသည်။

အစိုးရစစ်တပ်က လေကြောင်းထိုးစစ်များ၊ လက်နက်ကြီးများနှင့် အစုပြုလိုက်ပေါက်ကွဲတတ် သောဗုံးများကိုအသုံးပြု၍ KIA အားတိုက်ခိုက်ခဲ့

အစိုးရတပ်များကမိုးမောက်မြို့နယ် လိုင်ဇာ၊လဂျားယန်နှင့်ထိုဒေသပတ်ဝန်းကျင်တွင်ရှိသော KIA တပ်များအား အဓိကထိုးစစ်ဆင်ခဲ့ကာ KIA စခန်းများအား ဟယ်လီကော်ပတာ၊ ဂျက်တိုက်လေယာဉ်များအသုံးပြု၍တိုက်ခိုက်ခဲ့ကြသည်။ ဒီဇင်ဘာလ ၂၄ ရက်မှဇန်နဝါရီလ ၇ ရက်အတွင်း လိုင်ဇာနှင့်ပတ်ဝန်းကျင်ရှိ KIA စခန်းများအားအစိုးရမှ လေကြောင်းတိုက်ခိုက်မှု ၁၁၉ ကြိမ်ပြုလုပ်ခဲ့သည်ဟု ဇန်နဝါရီလ ၉ ရက်နေ့ကသတင်းရရှိခဲ့သည်။ စစ်ဆင်ရေးများအတွင်းတွင်လည်း အစိုးရတပ်များက လက်နက်ကြီးများ၊မော်တာများနှင့်အစုပြုလိုက်ပေါက်ကွဲတတ်သောဗုံးများကိုအသုံးပြုခဲ့ကြသည်။

အရပ်သားများအသတ်ခံရ၊ နေအိမ်များအဖျက်စီးခံရ

အစိုးရတပ်များက အရပ်သားများအားပစ်မှတ်ထားတိုက်ခိုက်မှုများပါဝင်သော ထိုးစစ်များကိုပြန်လည်ပြုလုပ်ခဲ့ကြသည်။

- **ဇန်နဝါရီ ၁၄** - လိုင်ဇာအားအစိုးရတပ်မှ လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့သဖြင့် ဆယ်ကျော်သက်အရွယ်ယောက်ျားလေးတဦးအပါအဝင် အရပ်သားသုံးဦးသေဆုံးခဲ့သည်။
- **ဇန်နဝါရီ ၂၄** - ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ဂျင်စီရှိ မိမိပိုင်လယ်မြေပေါ်တွင်အလုပ်လုပ်ကိုင်နေသော အသက် ၄၆ နှစ်အရွယ်အမျိုးသမီးတဦးအား အစိုးရတပ်များကပစ်သတ်ခဲ့ကြသည်။
- **ဇန်နဝါရီ ၂၉** - ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်မရမ်းသို့အစိုးရတပ်များက လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့ရာ အသက် ၂၇ နှစ်အရွယ်အမျိုးသမီးတဦးနှင့်သူမ၏ ၈ နှစ်အရွယ်သားငယ်တို့သေဆုံးခဲ့သည်။

တိုက်ခိုက်မှုများအတွင်းအစိုးရတပ်များသည် ရွာသားများ၏နေအိမ်များကိုလည်းပစ်မှတ်ထားခဲ့ကြသည်။ ဇန်နဝါရီ လ ၆ ရက်၊ ၁၃ရက်နှင့် ၂၇ရက်တို့တွင်အစိုးရတပ်များက မိုးမောက်နှင့်ဝိုင်းမော်မြို့နယ်များအတွင်းရှိ ရွာလေးရွာမှနေအိမ်များအားမီးရှို့ဖျက်ဆီးခဲ့ကြသည်။

အစိုးရတပ်များကအပစ်ရပ်သဘောတူချက်ကိုချိုးဖောက်၊ အစိုးရက "ခုခံစစ်" ဟုကြေငြာ

KIA အပေါ်အစိုးရတပ်များ၏ထိုးစစ်များပြင်းထန်လာနေစဥ်တွင်ပင် အစိုးရသည်စစ်တပ်၏လုပ်ဆောင်မှုများကို အခိုင်အမာကာကွယ်ပြောဆိုခဲ့ကာ တပ်မတော်မှခုခံစစ်အနေဖြင့်ထိုထိုးစစ်များကိုပြုလုပ်နေရခြင်းဖြစ်ကြောင်း ရိုးသားမှုမရှိသောကြေငြာချက်ကို အကြိမ်ကြိမ်ထုတ်ပြန်ကြေငြာခဲ့သည်။ ဇန်နဝါရီလ ၁၁ ရက်နေ့ကအမျိုးသားလွှတ်တော်သို့ ပေးပို့သောသဝဏ်လွှာတွင် သမ္မတဦးသိန်းစိန်က "ငြိမ်းချမ်းရေးလုပ်ငန်းစဥ်အားအပြုသဘော ဆောင်သည့်ပံ့ပိုးမှုများဖြစ်စေရန်" တပ်မတော်အနေဖြင့်ဖြစ်နိုင်သမျှအရာအားလုံးကိုလုပ်ဆောင်သွားမည်ဟုပြောကြားထားသည်။

လဂျားယန်အနီးရှိ KIA ၏ဗျူဟာကျသောစခန်းကုန်းသုံးခုကို အစိုးရစစ်တပ်မှသိမ်းယူပြီးနောက် ဇန်နဝါရီလ ၁၉ ရက်နေ့ နံနက် ၆ နာရီတွင်စတင်သက်ရောက်မည့် အပစ်ရပ်အမိန့်တခုကို ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ လဂျားယန်ဒေသရှိအစိုးရတပ်များအား ဦးသိန်းစိန်မှထုတ်ပြန်ကြေငြာလိုက်သည်။ သို့သော်လည်း အစိုးရတပ်များ၏ KIA အပေါ်ဆက်လက်ပြုလုပ်နေသောထိုးစစ်များက ဦးသိန်းစိန်၏အမိန့်ကိုအဓိပ္ပါယ်မဲ့သွားစေခဲ့သည်။ ဇန်နဝါရီလ ၁၉ ရက်နေ့တွင်အစိုးရတပ်များကလဂျားယန်ရှိ KIA ၏စခန်းများကိုလက်နက်ကြီးများဖြင့်ဆက်လက်တိုက်ခိုက်ခဲ့ခြင်းဖြင့် လိုင်ဇာသို့ထိုးစစ်ကိုဆက်လက်ပြုလုပ်ခဲ့ကြသည်။ ဇန်နဝါရီလ ၂၆ ရက်နေ့တွင်လိုင်ဇာ၏နောက်ဆုံးခံတပ်စခန်းဖြစ်သည့် ခယာဘွန်စခန်းကုန်းကို အစိုးရတပ်များကသိမ်းယူခဲ့သည်။ ထိုသို့သိမ်းယူလိုက်ခြင်းကအစိုးရတပ်များအားလိုင်ဇာမှ ၃ ကီလိုမီတာသာဝေးသောနေရာသို့ရောက်ရှိလာစေခဲ့သည်။ အကျိုးဆက်အနေဖြင့် ပြည်တွင်းဒုက္ခသည် (IDP) အများအပြားပါဝင်သောလိုင်ဇာရှိအရပ်သားထောင်ပေါင်းများစွာတို့သည် တရုတ်ပြည်သို့ထွက်ပြေးရန်ပြင်ဆင်ခဲ့ကြရသည်။

လွှတ်တော်အမတ်များနှင့် နိုင်ငံရေးအင်အားစုများက အပစ်အခတ်ရပ်စဲရန်တောင်းဆို

ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) နှင့်အစိုးရအကြားဆွေးနွေးပွဲများပြန်လည်စတင်ရန်နှင့် ကချင်ပြည်နယ်တွင်အပစ်အခတ်ရပ်စဲရန်အတွက် နိုင်ငံရေးပါတီများနှင့်တိုင်းရင်းသားအဖွဲ့အစည်းများက ဇန်နဝါရီလထဲတွင်တောင်း ဆိုခဲ့ပါသည်။ လွှတ်တော်နှစ်ရပ်လုံးတွင် လက်ရှိဖြစ်ပွားနေသောပဋိပက္ခနှင့်ပတ်သက်သည့်အဆိုပြုချက် နှင့် စည်းနှောင်မှုမပါသော ဆုံးဖြတ်ချက် တော်တော်များများကိုချမှတ်ခဲ့ကြသည်။

- **ဇန်နဝါရီ ၅** - ချင်းအမျိုးသားတပ်ဦး (CNF) က ကချင်ပြည်နယ်မှထိုးစစ်များရပ်တန့်ရန်အတွက် အစိုးရအားတောင်းဆိုလိုက်ကာ ပဋိပက္ခများဆက်လက်ဖြစ်ပွားနေပါကတနိုင်ငံလုံးငြိမ်းချမ်းရေးလုပ်ငန်းစဥ်အား ပြောင်းပြန်သက်ရောက်မှုများဖြစ်ပေါ်လာလိမ့်မည်ဟုပြောကြားလိုက်သည်။
- **ဇန်နဝါရီ ၁၀** - ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူးဖဒိုကွယ်ထူးဝင်းက ကချင်ပြည်နယ်မှတိုက်ပွဲများအားရပ်တန့်ရန်တောင်းဆိုလိုက်ပြီး ပဋိပက္ခများသည်ပြည်သူလူထုမှအစိုးရအား ယုံကြည်မှုကိုလျော့နည်းလာစေကာ တပြည်လုံးအနှံ့ငြိမ်းချမ်းရေးတည်ဆောက်မှုကို အတားအဆီးဖြစ်လာစေလိမ့်မည်ဟုသတိပေးပြောကြားလိုက်သည်။
- **ဇန်နဝါရီ ၁၀** - ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ကမြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးများအပေါ်တိုက်ခိုက်နေမှုများကိုချက်ချင်းရပ်တန့်ရန် အစိုးရအားတောင်းဆိုလိုက်ပြီး အစိုးရတပ်များမှကျူးလွန်နေသောလူ့အခွင့်အရေးချိုးဖောက်နေမှုများနှင့် အဆက်မပြတ်ထိုးစစ်ဆင်နေမှုများသည် ယုံကြည်မှုအားပြင်းထန်စွာဖျက်စီးနေစေပါသည်ဟု ပြောကြားလိုက်သည်။
- **ဇန်နဝါရီ ၁၀** - ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ ရှမ်းပြည်တပ်မတော် - မြောက်ပိုင်း (SSA-N) နှင့် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (NDAA) တို့က ကချင်ပြည်နယ်မှအစိုးရ၏ထိုးစစ်များအားရပ်တန့်ရန်နှင့် ဆွေးနွေးမှုများပြုလုပ်ရန်အစိုးရအားတောင်းဆိုထားပြီး ထိုသို့မပြုလုပ်ပါက တိုင်းပြည်သည်ပြည်တွင်းစစ်အတွင်းသို့သက်ဆင်းသွားစေနိုင်သည်ဟု ဖော်ပြထားသည့်ပူးတွဲကြေငြာချက်တစောင်ကိုထုတ်ပြန်ခဲ့သည်။
- **ဇန်နဝါရီ ၁၁** - အစိုးရအာဏာပိုင်များနှင့် KIO တို့အကြားပွင့်လင်းမြင်သာမှုရှိသော အင်တာနက်မှတဆင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန်တိုက်တွန်းထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) မှလွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဇော်တင်ပြလာသော အဆိုကိုပြည်သူ့လွှတ်တော်မှအတည်ပြုခဲ့သည်။

- **ဇန်နဝါရီ ၁၆** - ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ကအစိုးရအားကချင်ပြည်နယ်မှတိုက်ပွဲများကို ချက်ချင်းရပ်တန့်ကာနိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရန် တိုက်တွန်းလိုက်သည်။
- **ဇန်နဝါရီ ၁၆** - ကချင်ပြည်နယ်တွင်အရပ်သားများသေဆုံးမှုရှိသည်ဟူသော အစီရင်ခံစာများအပေါ်တွင်စိုးရိမ်ပူပန်မှုရှိကြောင်းဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ကာရန်လိုစစ်ပြနေခြင်းများကိုချက်ချင်းရပ်တန့်ကြပါရန် တောင်းဆိုလိုက်သည်။ ဒေါ်စုကငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုအကူအညီပေးရန် သူမ၏ဆန္ဒကိုလည်းထပ်မံပြောကြားလိုက်သည်။
- **ဇန်နဝါရီ ၁၈** - ကချင်ပြည်နယ်မှတိုက်ပွဲများအားအဆုံးသတ်ကာ အစိုးရနှင့် KIO အကြားဆွေးနွေးပွဲများပြန်လည်ပြုလုပ်ရန်တောင်းဆိုထားသည့် ကချင်ပြည်နယ်စည်းလုံးရေးနှင့်ဒီမိုကရေစီပါတီ (UDPKS) မှလွှတ်တော်အမတ်ဒေါ်ဒွဲဘူတင်ပြလာသောအဆိုကို ပြည်သူ့လွှတ်တော်မှအတည်ပြုခဲ့သည်။
- **ဇန်နဝါရီ ၁၉** - KIO နှင့်ပြုလုပ်နေသောအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ ပိုမိုတိုးတက်လာစေရန်အတွက် ကြားဝင်ညှိနှိုင်းရေးအဖွဲ့တခုဖွဲ့စည်းပါရန် အစိုးရအားတိုက်တွန်းထားသည့် UDPKS ပါတီအမတ်ဦးခက်ထိန်နန်မှ တင်ပြလာသောအဆိုကိုအမျိုးသားလွှတ်တော်မှအတည်ပြုပေးခဲ့သည်။

အမျိုးသားလွှတ်တော်မှ ဆွေးနွေးငြင်းခုံမှုများအတွင်းတွင်ရန်လိုစစ်ပြနေမှုများကိုအဆုံးသတ်ရန် လွှတ်တော်အမတ်များ၏တောင်းဆိုမှုများနှင့်ဖြောင့်ဖြောင့်ကြီးဆန့်ကျင်လျက် USDP အမတ်ဦးလှဆွေက KIA ကိုအမြစ်ပြတ်ချေမှုန်းမှသာ လျှင်ငြိမ်းချမ်းရေးရရှိနိုင်လိမ့်မည်ဟု ဇန်နဝါရီလ ၂၄ ရက်နေ့ကပြောကြားလိုက်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းကပူပန်မှုများကိုဖော်ထုတ်ပြောကြားကြ၊ အစိုးရကဝါဒဖြန့်ချီမှုများ အဆက်မပြတ်လုပ်ဆောင်လာ

ဇန်နဝါရီလထဲတွင် ကချင်ပြည်နယ်မှမြင့်တက်လာနေသောအကြမ်းဖက်မှုများအပေါ် နိုင်ငံတကာမှစိုးရိမ်ပူပန်သံများ ထွက်ပေါ်လာကာ အစိုးရအားအရပ်သားများကိုအကာအကွယ်ပေးရန်၊ တိုက်ပွဲများအဆုံးသတ်နိုင်စေရန်အတွက် ဆွေးနွေးပွဲများပြုလုပ်ရန်နှင့် ဒုက္ခသည်များအားလူသားချင်းစာနာထောက်ထားသော အကူအညီများပေးခွင့်ပြုရန်တို့ကို တောင်းဆိုခဲ့ကြသည်။

- **ဇန်နဝါရီ ၂** - UN အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက အရပ်သားများအားအသက်အန္တရာယ်ရှိစေနိုင်သော သို့မဟုတ် ကချင်ပြည်နယ်ရှိပဋိပက္ခများအားပိုမိုပြင်းထန်လာစေနိုင်သော မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆိုရှောင်ရှားရပ်တန့်ပါရန်အစိုးရအားတိုက်တွန်းလိုက်ကာ လိုအပ်နေသူများထံအကူအညီများပေးပို့နိုင်ရန်အတွက် သွားရောက်နိုင်ရန်လည်းပံ့ပိုးပေးသင့်သည်ဟုပြောကြားလိုက်သည်။
- **ဇန်နဝါရီ ၂** - အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူဗစ်တိုးရီးယားနျူလန်က အစိုးရ၏လေကြောင်းတိုက်ခိုက်မှုအသုံးပြုခြင်းသည် အလွန်အကျွံစိတ်အနှောက်အယှက်ဖြစ်ရပါသည်ဟုပြောကြားလိုက်ကာ အစိုးရနှင့် KIO အကြား စစ်မှန်သောဆွေးနွေးမှုကိုစတင်ပြုလုပ်ရန်တောင်းဆိုလိုက်သည်။
- **ဇန်နဝါရီ ၁၄** - UK နိုင်ငံခြားရေးနှင့်နေသဟာယရုံးလွှတ်တော်ဆိုင်ရာဒုတိယနိုင်ငံခြားရေးဝန်ကြီး Alistari Burt (အလစ်စတာရီဘတ်) ကအစိုးရမှလေကြောင်းတိုက်ခိုက်မှုများအသုံးပြုနေမှုအပါအဝင် ကချင်ပြည်နယ်၌အကြမ်းဖက်မှုများမြင့်တက်လာမှုအပေါ် UK အစိုးရမှလေးနက်စွာစိုးရိမ်ပူပန်မိပါကြောင်းပြောကြားလိုက်ကာ ထိုပဋိပက္ခများသည် ကျယ်ပြန့်သည့်ပြုပြင်ပြောင်းလဲရေးအတွက် ခြိမ်းခြောက်မှုများဖြစ်လာနိုင်သည်ဟု သတိပေးပြောကြားလိုက်သည်။
- **ဇန်နဝါရီ ၁၅** - EU နိုင်ငံခြားရေးနှင့်လုံခြုံရေးမူဝါဒဆိုင်ရာအဆင့်မြင့်ကိုယ်စားလှယ် Catherine Ashton (ကက်သရင်းအက်ရှ်တွန်) က ကချင်ပြည်နယ်မှအရပ်သားများသေဆုံးမှုအစီရင်ခံစာများသည် အထူးစိတ်အနှောက်အယှက်ဖြစ်ရကာ ဆက်လက်ဖြစ်ပွားနေသောထိုတိုက်ပွဲများသည် တပြည်လုံးအတိုင်းအတာငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အန္တရာယ်ရှိစေနိုင်သည်ဟုသတိပေးပြောကြားလိုက်သည်။
- **ဇန်နဝါရီ ၂၄** - ရန်ကုန်ရှိအမေရိကန်သံရုံးက ကချင်ပြည်နယ်တွင်အစိုးရမှဆက်လက်ပြုလုပ်နေသော ထိုးစစ်များအပေါ် အမေရိကန်အစိုးရမှအထူးစိုးရိမ်ပူပန်မိကြောင်းပြောကြားလိုက်ကာ အကူအညီလိုအပ်နေသူများအတွက် အတားအဆီးအနှောက်အယှက်မရှိသော သွားရောက်နိုင်မှုများခွင့်ပြုပေးပါရန် အစိုးရအားတိုက်တွန်းလိုက်သည်။

အစိုးရကနိုင်ငံတကာမှဝေဖန်မှုများကို တုန့်ပြန်သည့်အနေဖြင့်၎င်း၏ဝါဒဖြန့်ချီမှုကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

- **ဇန်နဝါရီ ၁၈** - သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွတ်ကလူသားချင်းစာနာသည့် အကူအညီများသည် KIA အားအထောက်အပံ့ပြုနေနိုင်သည်ဟုပြောဆိုလိုက်ခြင်းဖြင့် ကချင်ပြည်နယ်မှဒုက္ခသည်များအတွက် အကူအညီများဆက်လက်ကန့်သတ်ထားခြင်းကို အကြောင်းပြကာကွယ်ပြောဆိုလိုက်သည်။
- **ဇန်နဝါရီ ၂၅** - KIA ၏အကြမ်းဖက်တိုက်ခိုက်မှုများကိုမှတ်ချက်မပေးထားပဲ အစိုးရတပ်များ၏ထိုးစစ်များကို သာညွှန်းဆိုထား၍ဟုဆိုကာ အမေရိကန်သံရုံးမှဇန်နဝါရီလ ၂၄ ရက်နေ့ကထုတ်ပြန်ခဲ့သောကြေငြာချက်ကို ကန့်ကွက်သည့်ကြေငြာချက်တစောင်ကို အစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည်။
- **ဇန်နဝါရီ ၂၈** - ကချင်ပြည်နယ်မှပဋိပက္ခများအပေါ်တွင် ပုံမှားရိုက်လုပ်ကြံသတင်းများဖန်တီးထုတ်လွှင့်ခဲ့သည်ဟုဆိုကာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ သံရုံးများနှင့်မီဒီယာများအားစွပ်စွဲထားသည့် ကြေငြာချက်တစောင်ကိုအစိုးရကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။

တရုတ်ကမြန်မာအစိုးရအားပြင်းထန်စွာပစ်တင်ပြောကြား

အစိုးရတပ်များ၏စစ်ဆင်ရေးများက တရုတ်ပိုင်နက်ထဲသို့ကျံ့ဝင်လာသည်များရှိခဲ့သည့်အတွက် ပီကင်း(တရုတ်)က မြန်မာအစိုးရအားတိုက်ပွဲများရပ်တန့်အောင် လုပ်ဆောင်ပေးပါရန်တောင်းဆိုလိုက်သည်။ ဒီဇင်ဘာလ ၃၀ ရက်နေ့က တရုတ်ပိုင်နက်အတွင်းသို့ လက်နက်ကြီးကျည်သုံးလုံးကျရောက်ပေါက်ကွဲခဲ့ပြီးနောက်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထိုသို့အလားတူဖြစ်ရပ်မျိုးနောက်ထပ်မဖြစ်လာစေရန်အတွက် ကာကွယ်နိုင်မည့်ထိရောက်သောလုပ်ဆောင်မှုများကိုချက်ချင်းပြုလုပ်ပါရန် ဇန်နဝါရီလ ၄ ရက်နေ့တွင်မြန်မာအစိုးရအားတောင်းဆိုလိုက်သည်။ ထို့အပြင် ဇန်နဝါရီလ ၁၅ ရက်နေ့၌တရုတ်ပိုင်နက်ထဲသို့ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့အပြီးတွင် တရုတ်အစိုးရမှ လေးနက်သောစိုးရိမ်ပူပန်မှုနှင့် စိတ်မသက်မသာဖြစ်မှုတို့ကိုဖော်ပြလိုက်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူဟွန်လိုင်က ဇန်နဝါရီလ ၁၇ ရက်နေ့တွင်ပြောကြားခဲ့သည်။ ဟွန်လိုင်ကထိုဖြစ်ရပ်ကိုစုံစမ်းစစ်ဆေးရန်နှင့် အပစ်အခတ်ရပ်စဲမှုကိုချက်ချင်းအကောင်အထည်ဖော်ရန် မြန်မာအစိုးရအားတောင်းဆိုလိုက်သည်။

မြန်မာပြည်တွင်းသတင်းများ

လွှတ်တော်အမတ်များက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအပေါ် လွှမ်းမိုးနိုင်မှုပိုမိုရရှိလာ

ဇန်နဝါရီလ ၉ ရက်နေ့တွင်လွှတ်တော်၏ ခြောက်ကြိမ်မြောက်အစည်းအဝေးကို နေပြည်တော်တွင်ကျင်းပခဲ့သည်။ ၂၀၁၃ - ၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို လွှတ်တော်တွင်ဆွေးနွေးခဲ့ကြသည်။ လွှတ်တော်အမတ်များသည် ကချင်ပြည်နယ်မှအခြေအနေများကိုလည်း ဆွေးနွေးငြင်းခုန်ခဲ့ကြသည်။ [အထက်မှ "*လွှတ်တော်အမတ်များနှင့် နိုင်ငံရေးအင်အားစုများက အပစ်အခတ်ရပ်စဲရန်တောင်းဆို* "တွင်ကြည့်ပါ]

ထို့အပြင် ၂၀၁၂ ခုနှစ် စက်တင်ဘာလကဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးမှ တရားသူကြီး ၉ ဦးလုံးအားအတင်းအကြပ်နုတ်ထွက်စေပြီးနောက်တွင် [*၂၀၁၂ခုနှစ်စက်တင်ဘာလမြန်မာသတင်းလွှာ* ကိုကြည့်ပါ] ဥပဒေပြုရေးက လွှတ်တော်အမတ်များအား ခုံရုံးအပေါ်တွင်ပိုမိုလွှမ်းမိုးနိုင်ရန်ရည်ရွယ်ထားသည်ကို လွှတ်တော်ကသက်သေပြခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအား ဆန့်ကျင်ချိုးဖောက်သည်ဟုအခိုင်အမာပြောဆိုခဲ့သော်လည်း ဇန်နဝါရီလ ၁၄ ရက်နေ့ကအမျိုးသားလွှတ်တော်မှအတည်ပြုပေးလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပြင်ဆင်ခြင်း ဥပဒေကြမ်းကိုသမ္မတဦးသိန်းစိန်က ဇန်နဝါရီလ ၂၂ ရက်နေ့တွင်ဥပဒေအဖြစ်လက်မှတ်ထိုးပေးလိုက်ရသည်။ ပြင်ဆင်လိုက်သောဥပဒေအရ လွှတ်တော်သည်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏ဆုံးဖြတ်ချက်ကို စောဒကတက်နိုင်သော အခွင့်အာဏာရရှိမည်ဖြစ်သည်။ ထို့အပြင်ခုံရုံးဥက္ကဋ္ဌမခန့်အပ်ခင်တွင် သမ္မတသည်လွှတ်တော်နှစ်ရပ်လုံး၏ဥက္ကဋ္ဌများနှင့်တိုင်ပင်ဆွေးနွေးရမည်ဟုလည်း ဖော်ပြထားသည်။ ခုံရုံးဥက္ကဋ္ဌသည်လည်း သူ၏လုပ်ဆောင်မှုများကိုသမ္မတနှင့်တကွ လွှတ်တော်နှစ်ရပ်လုံး၏ဥက္ကဋ္ဌများကိုပါအစီရင်ခံရမည်ဖြစ်သည်။

ဒေါက်တာဆိတ်ဖွားဟူသောအမည်ဝှက်ဖြင့်လူသိများသော ဘလော့ဂါတဦး၏အင်တာနက်ပေါ်မှလုပ်ဆောင်မှုများကို စုံစမ်းစစ်ဆေးရန် USDP အမတ်ဦးစိုးရင်မှတင်ပြလာသောအဆိုကို အမျိုးသားလွှတ်တော်က ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ထောက်ခံမဲ ၃၄၇ မဲ၊ ကန့်ကွက်မဲ ၁၅၇ မဲ၊ ကြားနေမဲ ၄၂ မဲတို့ဖြင့်အတည်ပြုခဲ့သည်။

ခေတ်မမီတော့သောဥပဒေများအားဖျက်သိမ်း

တက်ကြွလှုပ်ရှားသူများအား ရာဇဝတ်မှုဆိုင်ရာပုဒ်မများ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ဆန္ဒဖော်ထုတ်ခြင်းဥပဒေများဖြင့် အစိုးရကဖမ်းဆီးထောင်ချမှုများဆက်လက်ပြုလုပ်နေစဉ်တွင် သမ္မတဦးသိန်းစိန်ကစစ်အစိုးရလက်ထက်ကချမှတ်ခဲ့သော ဥပဒေနှစ်ခုကို ဖျက်သိမ်းလိုက်သည်။

- **ဇန်နဝါရီ ၁၅** - ဥပဒေအမှတ် ၅/၉၆ ကိုဖျက်သိမ်းရန်အမျိုးသားလွှတ်တော်မှအတည်ပြုပေးထားသော ဥပဒေကြမ်းကိုသမ္မတဦးသိန်းစိန်က ဥပဒေအဖြစ်လက်မှတ်ရေးထိုးပေးခဲ့သည်။ ၂၀၀၈ အခြေခံဥပဒေနှင့်အမျိုးသားညီလာခံကို ဝေဖန်မှုများသည် ဥပဒေချိုးဖောက်ခြင်းဖြစ်သည်ဟုဆိုထားသောထိုဥပဒေသည် ညီလာခံပြီးဆုံးသွား ခြင်းနှင့်အခြေခံဥပဒေအားအတည်ပြုပြီးသွားခြင်းတို့၏ရလာဒ်အဖြစ် ပျက်ပြယ်သွားခဲ့သည်။
- **ဇန်နဝါရီ ၂၈** - လူလေးဦးထက်ပို၍မစုဝေးရဟု တားမြစ်ထားသောအမိန့်အမှတ် ၂/၈၈ အားဖျက်သိမ်းသည့် အုပ်ချုပ်ရေးအခွင့်အာဏာအမိန့်ကို သမ္မတဦးသိန်းစိန်ကထုတ်ပြန်ခဲ့သည်။

မြေယာသိမ်းယူခြင်းနှင့်မောင်းထုတ်ခံရခြင်းများအားကန့်ကွက်ဆန္ဒပြခြင်းများဆက်လက်ဖြစ်ပွား

- **ဇန်နဝါရီ ၂** - အစိုးရအာဏာပိုင်များက နေအိမ်များမှထွက်ခွါသွားရန်နှင့် မထွက်ခွါပါကထောင်ချခြင်းခံရမည်ဟုအမိန့်ပေးခဲ့အပြီးတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ရွာသစ်ကျေးရွာမှလယ်သမား ၁၅၀ ကျော်တို့သည် သမ္မတဦးသိန်းစိန်နှင့် အမျိုးသားလွှတ်တော်မြေယာသိမ်းယူခံရမှုများစုံစမ်းစစ်ဆေးရေးကော်မရှင်တို့သို့ အသနားခံစာများပေးပို့ခဲ့ကြသည်။ ရွာသားများ နှစ်၅၀ကျော်မျှအခြေချနေထိုင်လာခဲ့သည့်မြေနေရာသည် သစ်တောပိုင်မြေအဖြစ် တရားဝင်သတ်မှတ်ထားသည့်အတွက် ထိုမြေမှဖယ်ပေးရမည်ဟုရွာသားများအားပြောဆိုခဲ့ခြင်းဖြစ်သည်။
- **ဇန်နဝါရီ ၁၃** - လွန်ခဲ့သော ၁၈ နှစ်အတွင်း အစိုးရအာဏာပိုင်များမှသိမ်းယူထားခဲ့ကြသော မြေဧက ၃၀၀၀၀ ကျော်အားပြန်လည်ပေးအပ်ရန်အတွက်တောင်းဆိုရန် ဧရာဝတီတိုင်း၊ပန်းတနော်မြို့နယ်မှလယ်သမား ၂၀၀၀ ကျော်တို့က ဆန္ဒပြခဲ့ကြသည်။
- **ဇန်နဝါရီ ၁၇** - အစိုးရအာဏာပိုင်များကသိမ်းယူထားခဲ့သော မြေဧက ၄၆၀၀ ကျော်အတွက် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်မှလယ်သမား ၆၀၀ ကျော်တို့ကဆန္ဒပြခဲ့ကြသည်။ မြေသိမ်းယူမှုများအတွက် တာဝန်ရှိသူများအားအရေးယူရန်နှင့် ထိုသို့မြေယာသိမ်းယူမှုများအားရပ်တန့်ရန် အစိုးရအားလယ်သမားများမှတောင်းဆိုခဲ့ကြသည်။
- **ဇန်နဝါရီ ၁၈** - အစိုးရစစ်တပ်မှသိမ်းယူခဲ့သော အုန်းခြံများနှင့်လယ်မြေဧက ၁၀၀၀ ကျော်ကိုပြန်လည်ပေးအပ်ရန်အတွက်တောင်းဆိုရန် ရခိုင်ပြည်နယ်တောင်ပိုင်း ဂွမှလယ်သမား ၂၀၀ ကျော်တို့ကဆန္ဒပြခဲ့ကြသည်။

မုံရွာကြေးနီမိုင်းအားဆန့်ကျင်ဆန္ဒပြမှုများဆက်လက်ဖြစ်ပွား

မုံရွာကြေးနီမိုင်းလုပ်ငန်းအနီးရှိရွာသားများသည် စီမံကိန်းအားဆန့်ကျင်သည့်၎င်းတို့၏အသံများကို ဆက်လက်ဖော်ထုတ်ခဲ့သည်။

- **ဇန်နဝါရီ ၆** - စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ကျေးရွာ ၂၆ ရွာတို့မှရွာသား ၅၀၀ ခန့်တို့သည်မိုင်းစီမံကိန်းနှင့်ပတ်သက်၍သူတို့၏စိုးရိမ်ပူပန်မှုများအား ဆွေးနွေးတိုင်ပင်နိုင်ရန်အတွက်တွေ့ဆုံခဲ့ကြပြီး ထိုစီမံကိန်းအားဆန့်ကျင်သည့်သူတို့၏ ငြိမ်းချမ်းစွာလှုပ်ရှားမှုများကိုဆက်လက်ပြုလုပ်သွားရန် အဓိဋ္ဌာန်ပြုခဲ့ကြသည်။
- **ဇန်နဝါရီ ၂၉** - စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်မှရွာသား ၂၀၀၀ ခန့်တို့သည် မုံရွာကြေးနီစီမံကိန်းဆန္ဒပြမှုအားအစိုးရမှ အကြမ်းဖက်နှိမ်နင်းခဲ့မှုနှစ်လပြည့်မြောက်သည့်အထိမ်းအမှတ်အဖြစ် ဆန္ဒပြခဲ့ကြသည်။ [၂၀၁၂]

ခုနှစ်နိုဝင်ဘာလမြန်မာသတင်းလွှာ တွင်ကြည့်ပါ။] ဆန္ဒပြမှုများမှ ထိုစီမံကိန်းအားပိတ်သိမ်းရန်၊ အကြမ်းဖက်ဖြို ခွဲခဲ့မှုတွင်တာဝန်ရှိသူများကိုအရေးယူပေးရန်နှင့် စီမံကိန်းအားဆန့်ကျင်ဆန္ဒပြမှုများတွင် ပါဝင်ပတ်သက်ခဲ့သည့် တက်ကြွလှုပ်ရှားသူများအား တရားစွဲဆိုထားမှုများကို ရုတ်သိမ်းပေးရန်တို့ကိုတောင်းဆိုခဲ့သည်။

နိုဝင်ဘာ ၂၉ ရက်နေ့ဖြိုခွဲခဲ့မှုအားလွတ်လပ်စွာစုံစမ်းစစ်ဆေးမှုများပြုလုပ်နေသော ရှေ့နေအုပ်စုတစုက ရဲများသည် ဆန္ဒပြသူများအားလူစုခွဲရန်အတွက် သေစေနိုင်သောအဖြူရောင်မီးစုန်း (ဖော့စ်ဖရပ်စ်) ဗုံးများကိုအသုံးပြုခဲ့ကြောင်းတွေ့ ရှိခဲ့သည်ဟု ဇန်နဝါရီလ ၃၀ ရက်နေ့ကသတင်းရရှိခဲ့သည်။

ICRC ဥက္ကဌမြန်မာနိုင်ငံသို့လာရောက်

နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဌပီတာမော်ရီယာ (Peter Maurer) သည်ဇန်နဝါရီလ ၁၃ ရက်နေ့ တွင် မြန်မာနိုင်ငံသို့ခြောက်ရက်တာခရီးစဉ်သွားရောက်ခဲ့သည်။ ၎င်း၏ခရီးစဉ်အတွင်းမော်ရီယာသည်လူသားချင်းစာနာ ထောက်ထားသောအကူအညီများပံ့ပိုးပေးရေး၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ရေး နှင့် အကျဉ်း ထောင်များအတွင်းသွားရောက်နိုင်ရန်ကူညီပေးရေး စသည်တို့ကိုဆွေးနွေးနိုင်ရန်အတွက် သမ္မတဦးသိန်းစိန်အပါအဝင် အခြားအစိုးရအရာရှိများနှင့်တွေ့ဆုံခဲ့သည်။ ဇန်နဝါရီလ ၁၄ ရက်နေ့အစည်းအဝေးတွင် မြန်မာနိုင်ငံအကျဉ်းထောင် များအတွင်းသို့ ICRC မှသွားရောက်နိုင်ရန်သမ္မတဦးသိန်းစိန်မှကတိပေးခဲ့သည်ဟု မော်ရီယာကပြောကြားခဲ့သည်။ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် မော်ရီယာသည်ဒေသခံဗုဒ္ဓဘာသာနှင့်မွတ်စလင် အသိုင်းအဝိုင်းမှခေါင်းဆောင်များ၊ အစိုးရ အရာရှိများနှင့်တွေ့ဆုံနိုင်ရန်အတွက် ရခိုင်ပြည်နယ် စစ်တွေသို့သွားရောက်ခဲ့သည်။ ထိုခရီးစဉ်အပြီးတွင် မော်ရီယာက ရခိုင်ပြည်နယ်မှအခြေအနေသည် ကြီးမားသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာစိုးရိမ်ပူပန်ဖွယ်ဖြစ်ပါသည်ဟု ပြောကြားခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာ

ပြုပြင်ပြောင်းလဲမှုကင်းမဲ့ခြင်းသည် လူ့အခွင့်အရေးတိုးတက်မှုကိုအဟန့်အတားဖြစ်စေ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် ဥပဒေပြုရေးဆိုင်ရာတို့တွင်အစိုးရမှ သိသာသောပြောင်းလဲမှုများမပြုလုပ်ခဲ့သည့်အ တွက် မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေတိုးတက်မှုမှာ အကန့်အသတ်ဖြစ်ခဲ့ရသည်ဟုဇန်နဝါရီလတွင်ထုတ်ပြန် သည့် လွတ်လပ်သောအစီရင်ခံစာလေးစောင်တွင်ဖော်ပြထားသည်။

- **ဇန်နဝါရီ ၁၆** - လွတ်လပ်ခြင်းအိမ်(Freedom House)အဖွဲ့က နှစ်စဉ်ကမ္ဘာအနှံ့တွင်ပြုလုပ်သောစစ်တမ်းဖြစ်သည့် "ကမ္ဘာပေါ်မှလွတ်လပ်မှုများ ၂၀၁၃" တွင်မြန်မာနိုင်ငံအားနိုင်ငံရေးအခွင့်အရေး၊ အရပ်ဖက်လွတ်လပ်မှုများနှင့် ပတ်သက်၍ လွတ်လပ်မှုမရှိဟု အဆင့်သတ်မှတ်ထားသည်။ ထိုအစီရင်ခံစာက အာဏာပိုင်များသည် ဆန္ဒပြမှုများအား ဖိနှိပ်သည့် လူစုလူဝေးထိန်းချုပ်ရေးနည်းလမ်းများဖြင့်အသုံးပြုကိုင်တွယ်ဆဲ၊ အလုပ်သမားအခွင့်အရေးများအား ချိုးဖောက်နေဆဲ၊ NGO လုပ်ငန်းများအားကန့်သတ်နေဆဲ၊ မြေယာသိမ်းဆည်းမှုများကို လွှတ်ပေးထားဆဲ၊ တရား စီရင်ရေးလွတ်လပ်မှုကိုဟန့်တားနေဆဲဖြစ်သည်ဟု ဖော်ပြထားသည်။ ၂၀၁၂ ခုအတွင်းတွေ့ရှိရသောလွတ်လပ်စွာ စုရုံးခွင့်၊ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်များနှင့်ပတ်သက်၍ တိုးတက်မှုများဆိုသည်မှာ နောက်ပြန်မလျော့ကျသွားစေ ရန်အကာအကွယ်ပေးနိုင်မည့် ဖွဲ့စည်းပုံဆိုင်ရာပြုပြင်ပြောင်းလဲထားမှုလုံးဝမရှိသည့် အာဏာပိုင်များ၏စိတ်ကူး ပေါက်ရာလုပ်ဆောင်မှုများသာဖြစ်ပါသည်ဟု လွတ်လပ်ခြင်းအိမ်အဖွဲ့က ပြောကြားခဲ့သည်။
- **ဇန်နဝါရီ ၁၇** - နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (RSF) မှထုတ်ပြန်သော "မြန်မာနွေဦး" အစီရင်ခံစာက လွှတ်တော်တွင်ဖိနှိပ်သော မီဒီယာဆိုင်ရာဥပဒေများကိုဖျက်သိမ်းရန်အဆိုကို ဆက်လက်ပယ်ချလိုက်သည့်အတွက် အစိုးရအာဏာပိုင်များသည် သူတို့၏ဖိနှိပ်လိုသောစိတ်ဆန္ဒများကို ဖယ်ရှားခြင်းမရှိသေးပါဟုပြောဆိုလိုက်သည်။ မီဒီယာများအားထိရောက်သော ကာကွယ်မှုပေးနိုင်မည့်ဥပဒေမရှိသေးပဲ မိမိတို့ကိုယ်ကိုဆင်ဆာဖြတ်နေကြရသော စာနယ်ဇင်းသမားများအတွက် တကယ့်အန္တရာယ်သာရှိနေသည်ဟု RSF ကပြောကြားလိုက်သည်။ RSF ကမီဒီယာ

များအားတရားစွဲဆိုနေမှုများကိုထိန်းချုပ်ပေးရန်၊ ဖိနှိပ်သောဥပဒေများကိုဖျက်သိမ်းနိုင် ရန်အတွက်ထောက်ပံ့ကူညီပေးရန်နှင့် သတင်းအချက်အလက်လွတ်လပ်ခွင့်ကိုလေးစားလိုက်နာသော မီဒီယာဥပဒေတရပ်ချမှတ်ပေးပါရန်အစိုးရအားတိုက်တွန်းထားသည်။

- **ဇန်နဝါရီ ၂၃** - နိုင်ငံတကာကလေးစစ်သားအဖွဲ့က အစီရင်ခံစာတစောင်ထုတ်ပြန်ကာ အစိုးရစစ်တပ်နှင့်၎င်း၏လက်အောက်ခံနယ်ခြားစောင့်တပ်များမှ ကလေးစစ်သားများကိုစုဆောင်းဆဲ၊ အသုံးပြုဆဲဖြစ်ကြောင်းကိုအတည်ပြုပေးခဲ့သည်။ ထိုအစီရင်ခံစာက အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO)သည် ၂၀၁၂ ခုတွင်အရွယ်မရောက်သေးပဲစစ်သားစုဆောင်းခံရမှုနှင့်ဆိုင်သော တိုင်ကြားမှုပေါင်း ၂၃၇ ခုလက်ခံရရှိခဲ့ကာ ၂၁ ခုမှာထိုနှစ်ထဲတွင်ပင်အစုဆောင်းခံကြရခြင်းဖြစ်ပါသည်ဟု ဖော်ပြထားသည်။ ထိုအစီရင်ခံစာက အကျင့်ပျက်ခြစားမှုများ၊ အားနည်းသောစောင့်ကြည့်ကြီးကြပ်မှုများ၊ အရေးယူခြင်းမခံရသောပစ်မှုများနှင့် ကာကွယ်စောင့်ရှောက်မှုများပြဌာန်းပေးရန်ပျက်ကွက်မှုများကြောင့် ကလေးစစ်သားအတင်းအကြပ်စုဆောင်းခံရမှုနှုန်း ဆက်လက်မြင့်တက်လာရခြင်းဖြစ်သည်ဟုဆိုသည်။
- **ဇန်နဝါရီ ၂၃** - နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (RSF) မှ "ပုံနှိပ်လွတ်လပ်မှုအညွှန်း ၂၀၁၃" အစီရင်ခံစာကိုထုတ်ပြန်ခဲ့ကာ ထိုအစီရင်ခံစာတွင်မြန်မာနိုင်ငံအား စစ်တမ်းကောက်ယူသည့်နိုင်ငံ ၁၇၉ နိုင်ငံတွင်အဆင့် ၁၅၁ သတ်မှတ်ထားသည်။

လွတ်လပ်စွာစုရုံးခွင့်အားအစိုးရ၏ကန့်သတ်မှုများဆက်လက်ဖြစ်ပွားနေ

တက်ကြွလှုပ်ရှားသူများအား အကျဉ်းချနိုင်ရန်နှင့် ခြိမ်းခြောက်ပိတ်ပင်တားဆီးနိုင်ရန်တို့အတွက် ရာဇဝတ်မှုပုဒ်မများ၊ ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေတို့ကို အစိုးရမှဆက်လက်အသုံးပြုနေဆဲဖြစ်သည်။

- **ဇန်နဝါရီ ၃** - နိုဝင်ဘာလ ၂၃ ရက်နေ့ကမိုင်းလုပ်ငန်းလုပ်ကိုင်နေသောကုမ္ပဏီအား ငြိမ်းချမ်းစွာဆန္ဒပြခဲ့သည့်အတွက် ရာဇဝတ်မှုပုဒ်မဖြစ်သော ၅၀၅ (ခ)၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေတို့ဖြင့် မိုးထိမိုးမိရွှေမိုင်းမှ အလုပ်သမား ၆ ယောက်တို့အားပဲခူးတိုင်း၊ ပဲခူးတရားရုံးကထောင်ဒါဏ် ၆ လကျခံရန်နှင့်ဒါဏ်ငွေ ၁၀၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၁၁ ဒေါ်လာ) ပေးဆောင်ရန်စီရင်ချက်ချခဲ့သည်။
- **ဇန်နဝါရီ ၉** - အစိုးရနှင့်ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တို့အကြားငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုပြန်လည်ပြုလုပ်ရန်တောင်းဆိုရန်အတွက် ဇန်နဝါရီလ ၁၀ ရက်နေ့တွင်ဆန္ဒပြရန်စီစဉ်ထားသည့် ဒေသခံတက်ကြွလှုပ်ရှားသူများအား ကချင်ပြည်နယ် မြစ်ကြီးနားမှအစိုးရအာဏာပိုင်များက ဆန္ဒပြရန်ခွင့်ပြုမိန့်ငြင်းပယ်ခဲ့ကြောင်း သတင်းရရှိသည်။ ဆန္ဒပြမည့်နေ့ရက်သည် ကချင်ပြည်နယ်လွှတ်တော်အစည်းအဝေးနှင့်တိုက်ဆိုင်နေသည့်အတွက် လျှောက်ထား လာမှုကိုပယ်ချရခြင်းဖြစ်ပါသည်ဟု အစိုးရအာဏာပိုင်များကပြောကြားသည်။
- **ဇန်နဝါရီ ၁၆** - ရန်ကုန်မြို့တွင်နိုဝင်ဘာလ ၂၆ ရက်နေ့က မုံရွာကြေးနီမိုင်းအားငြိမ်းချမ်းစွာဆန့်ကျင်ဆန္ဒပြခဲ့သည့်အတွက် ရာဇဝတ်မှုပုဒ်မဖြစ်သော ၅၀၅ (ခ)၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေတို့ဖြင့်တရားစွဲဆိုခြင်းခံနေရသောတက်ကြွလှုပ်ရှားသူ ၆ ဦးတို့သည် ရန်ကုန်မြို့ကျောက်တံတားနှင့်ပန်းဘဲတန်းမြို့နယ်များမှ တရားရုံးများတွင် ၅ ကြိမ်မြောက်တရားရုံးချိန်းအတွက်တရားရင်ဆိုင်ခဲ့ကြသည်။
- **ဇန်နဝါရီ ၁၈** - မုံရွာကြေးနီမိုင်းစီမံကိန်းအားဆန္ဒပြခဲ့မှုအပေါ် နိုဝင်ဘာ ၂၉ ရက်နေ့ကအစိုးရ၏အကြမ်းဖက်ဖြိုခွဲခဲ့မှုအား ဒီဇင်ဘာလ ၁၃ ရက်နေ့တွင်ဆန့်ကျင်ဆန္ဒပြခဲ့မှု၌ပါဝင်ခဲ့သည့်အတွက် အစိုးရမှတက်ကြွလှုပ်ရှားသူ ၄ ဦးအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေဖြင့်ထောင်ဒါဏ် ၁ လချမှတ်ခဲ့ပါသည်။ သို့သော်ထိုသူလေးဦးသည် အဖမ်းခံရပြီးကတည်းက ထောင်ထဲတွင် ၃၃ ရက်မျှနေထိုင်ခဲ့ပြီးဖြစ်သည့်အတွက် ပြန်လည်လွတ်မြောက်လာခဲ့သည်။
- **ဇန်နဝါရီ ၂၈** - အာဏာပိုင်များထံမှကြိုတင်ခွင့်ပြုချက်မတောင်းပဲ ငြိမ်းချမ်းရေးလမ်းလျှောက်မှုတွင်ပါဝင်သည့်အတွက်ဟုဆိုကာ ရန်ကုန်တိုင်း ၁၂ မြို့နယ်နှင့်ပဲခူးတိုင်း ၂ မြို့နယ်တို့မှရဲများက တက်ကြွလှုပ်ရှားသူ ၅ ဦးအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအရတရားစွဲဆိုခဲ့သည်ဟု သတင်းများရရှိသည်။ ထိုငါးဦးသည်ကချင်ပြည်နယ်ငြိမ်းချမ်းရေးရရှိရန်လှုပ်ရှားမှုအနေဖြင့် ကချင်ပြည်နယ်လိုင်ဇာသို့ ရန်ကုန်မှ ၁၃၀၀ ကီလိုမီတာခရီးကိုလမ်းလျှောက်သွားရန် ဇန်နဝါရီလ ၂၁ ရက်နေ့ကစတင်ထွက်ခွာသွားသော ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့်တက်ကြွလှုပ်ရှားသူ ၃၀ ဦးခန့်ပါဝင်သောအုပ်စုထဲမှဖြစ်သည်။
- **ဇန်နဝါရီ ၂၈** - ပဲခူးတိုင်း၊ တောင်ငူမြို့နယ်တွင်အစိုးရအာဏာပိုင်များက ရန်ကုန်-လိုင်ဇာငြိမ်းချမ်းရေးလမ်းလျှောက်မှုတွင်ပူးပေါင်းလိုက်ပါခဲ့သူ ပြင်သစ်နိုင်ငံသားအားထိန်းသိမ်းခဲ့သည်။

ရိုဟင်ဂျာအမြောက်အများထွက်ပြေးလာမှုများပိုမိုများပြားလာ

ဇန်နဝါရီလတွင် ဘင်္ဂလားဒေ့ရှ်နှင့်ရခိုင်ပြည်နယ်မှ လှေစီးဒုက္ခသည်ရိုဟင်ဂျာများ အမြောက်အများထွက်ပြေးလာမှုများ ပိုမိုများပြားလာခဲ့သည်။ ဇန်နဝါရီလပထမပတ်ထဲတွင် ရခိုင်ပြည်နယ်နှင့်ဘင်္ဂလားဒေ့ရှ်မှလူ ၂၀၀၀ ကျော်ခန့် လှေများဖြင့် ထွက်ပြေးလာခဲ့သည်ဟူသောအစီရင်ခံစာများ လက်ခံရရှိခဲ့သည်ဟုကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာမဟာမင်းကြီး ရုံး (UNHCR) မှဇန်နဝါရီလ ၁၁ ရက်နေ့တွင်ပြောကြားခဲ့သည်။ ထို့အပြင် ထိုင်းနှင့်ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက လည်း သူတို့မြေပေါ်တွင်တွေ့ရှိခဲ့သည့်ရိုဟင်ဂျာရာပေါင်းများစွာတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ ကြသည်။

ထိုင်း

ရနောင်းခရိုင်၊ ဖန်ငါ၊ ဖူးကက်သို့လှေများဖြင့်ရောက်ရှိလာသော ရိုဟင်ဂျာ ၁၀၀၀ နီးပါးခန့်တို့အားထိုင်းအာဏာပိုင် များမှဇန်နဝါရီလအတွင်းက ဖမ်းဆီးထိန်းသိမ်းခဲ့ကြသည်။ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ထိုင်းအမျိုးသားလုံခြုံရေး ကောင်စီ (NSC) ဒုတိယဗိုလ်ချုပ်ကြီးပါရာဒွန်ပါတနသာဘူတာ (Paradorn Pattanathabutr) ကထိုင်းနိုင်ငံကမ်း ခြေများသို့လာရောက်ရန်ကြိုးစားသည့် လှေစီးခရီးသည်များအား ပြန်လည်မောင်းထုတ်ရန်မူဝါဒတခုကို ထိုင်းနိုင်ငံ မှတင်းကြပ်စွာချမှတ်ရလိမ့်မည်ဟု သတိပေးပြောကြားလိုက်သည်။ နောက်တနေ့တွင် ထိုင်းရေတပ်မှရိုဟင်ဂျာလှေစီး ဒုက္ခသည် ၃၄၀ ဦးကိုပြန်လည်မောင်းထုတ်ခဲ့သည်ဟု သတင်းများရရှိသည်။

ထို့အပြင် ရာဘာစိုက်ခင်းများထဲတွင်သုံးလကျော်ခန့် ထားထားခြင်းခံခဲ့ရသူ ၄၀၀ ဦးခန့်အပါအဝင် ထိုင်းနိုင်ငံ ဆွန်ခလာ နှင့်စတွန်ခရိုင်များသို့ခိုလှုံလာကြသော ရိုဟင်ဂျာ ၉၀၀ ဦးတို့အားထိုင်းအာဏာပိုင်များက ဇန်နဝါရီလ ၁၀ ရက်နှင့် ၁၇ ရက်ကြားထဲတွင်ဖမ်းဆီးထိန်းသိမ်းလိုက်ကြသည်။ ဝင်ရောက်ဖမ်းဆီးမှုများအပြီးတွင် ထိုင်းအာဏာပိုင်များက ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ ရိုဟင်ဂျာများအား လူကုန်ကူးမှုတွင်ထိုင်းစစ်တပ်မှအဆင့်မြင့်အရာရှိကြီးများ၏ပါဝင်ပတ်သက်မှု များကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ကြသည်။ သို့သော်ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ထိုင်းလုံခြုံရေးကောင်စီ NSC ကရိုဟင်ဂျာများသည်လူကုန်ကူးမှု၏ သားကောင်များမဟုတ်ပါ၊ ထို့ကြောင့်ကူညီထောက်ပံ့ရန်မလိုအပ်ပဲပြန်ပို့ရန်သာ အကြုံးဝင်သည်ဟု ကောက်ချက်ချခဲ့ကြသည်။

ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဆူရာပွန်တိုဗီချက်ချိုင်ကူ (Surapong Tovichakchaikul) ကထိန်းသိမ်းထားသောရိုဟင်ဂျာများအား ထိုင်းနိုင်ငံမှ ၆ လသာခိုလှုံခွင့်ပေးမည်ဖြစ်ကာ သူတို့အတွက် ပြန်ပို့နိုင်ရန် သို့မဟုတ် ရွှေ့ပြောင်းအခြေချနိုင်ရန် မြန်မာအစိုးရသို့မဟုတ် အခြားသောနိုင်ငံများနှင့်ဆွေးနွေးမှုများပြုလုပ်ရမည်ဟု ပြောကြားလိုက်သည်။

မလေးရှား

ဇန်နဝါရီလ ၁ ရက်နေ့တွင် မလေးရှားအာဏာပိုင်များက လူတဦးသေဆုံးကျန်ရစ်ခဲ့သည့်မြန်မာနိုင်ငံမှ ၁၅ ရက်တာ လှေစီးခရီးစဉ်အပြီး ဒီဇင်ဘာလ ၃၀ ရက်နေ့ကလင်္ကာဝီကျွန်းသို့ဆိုက်ရောက်လာသော ရိုဟင်ဂျာလှေစီးဒုက္ခသည် ၄၈၂ ဦးအားဖမ်းဆီးထိန်းသိမ်းထားခဲ့သည်ဟု ပြောကြားလိုက်သည်။ ဇန်နဝါရီလ ၁၅ ရက်နေ့တွင်လင်္ကာဝီကျွန်းသို့လှေနှစ်စီး ဖြင့် ရောက်ရှိလာသောနောက်ထပ်ရိုဟင်ဂျာ ၃၅၄ ယောက်တို့အား မလေးရှားအာဏာပိုင်များ ကဖမ်းဆီးထိန်းသိမ်းလိုက် သည်။ ဇန်နဝါရီလ ၄ ရက်နေ့တွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးအနီဖါအာမင် (Anifah Aman) ကရိုဟင်ဂျာလှေစီး ဒုက္ခသည်များအတွက် မလေးရှားနိုင်ငံသည်ရွေးချယ်စရာပန်းတိုင် ဖြစ်မလာ နိုင်ပါဟုပြောကြားလိုက်သည်။

ဘင်္ဂလားဒေ့ရှ်

ဇန်နဝါရီလ ၄ ရက်မှ ၁၆ ရက်တွင် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် (BGB) ကရိုဟင်ဂျာ ၁၈၁ ယောက်အားဖမ်း ဆီးကာပြန်မောင်းထုတ်ခဲ့ကြသည်။

နိုင်ငံသားစီစစ်ရေးလုပ်ငန်းစဉ်နောက်ဆုံးသတ်မှတ်ရက်တိုးမြှင့်ပေး

ထိုင်းနိုင်ငံရှိအထောက်အထားမရှိသော ရွှေ့ပြောင်းအလုပ်သမားများ၏ကံကြမ္မာနှင့်ပတ်သက်၍ ဒီဇင်ဘာလအတွင်းက ရှုတ်ထွေးမှုများဖြစ်ပေါ်ခဲ့ပြီးနောက်တွင် ထိုင်းအစိုးရကငင်းတို့၏နိုင်ငံသားစီစစ်ရေးလုပ်ငန်းစဉ် (NVP) ကုန်ဆုံးရက်တိုးမြှင့်ပေးခြင်းကို တရားဝင်အတည်ပြုပေးလိုက်သည်။ ဇန်နဝါရီလ ၁၅ ရက်နေ့တွင်ထိုင်းအစိုးရအဖွဲ့က ရွှေ့ပြောင်းအလုပ်သမားများအား NVP အရမှတ်ပုံတင်ရန်ဧပြီလ ၁၅ ရက်နေ့အထိခွင့်ပြုပါရန် ထိုင်းအလုပ်သမားဝန်ကြီးဌာန၏အဆိုပြုချက်ကို အတည်ပြုပေးခဲ့သည်။ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင်ဆမုတ်ဆခွန်၊ ကက်ချ်နာဘူရီ၊ ရနောင်း၊ ခွန်ကန်နှင့်နခွန်ရပ်ချာစီမာခရိုင်တို့၌ မှတ်ပုံတင်ရန်နေရာအသစ် ၅ ခုထပ်မံဖွင့်လှစ်ပေးသွားရန်ထိုင်းနိုင်ငံမှစီစဉ်နေသည်ဟု ဇန်နဝါရီလ ၂၃ ရက်နေ့တွင်သတင်းများရရှိခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး

ဒေါ်စုအမေရိကန်နှင့်တောင်ကိုရီးယားတို့သို့သွားရောက်

ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ဟာဝိုင်အီနှင့်တောင်ကိုရီးယားတို့သို့သွားရောက်မည့် ၂ ပတ်တာနိုင်ငံခြားခရီးစဉ်အတွက်ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံမှထွက်ခွာသွားခဲ့သည်။ ဟာဝိုင်အီတွင် ဒေါ်အောင်ဆန်းစုကြည်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို "ညှိနှိုင်းအပေးအယူလုပ်ခြင်းမှတဆင့်" ပြင်ဆင်ရန်လိုအပ်ပါသည်ဟု ထပ်မံပြောကြားလိုက်သည်။ ဒေါ်စုက မြန်မာနိုင်ငံရှိတိုင်းရင်းသားများ၏ နှီးနှောတက်ကြွမှုကို အဟန့်အတားဖြစ်စေသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပြဋ္ဌာန်းထားမှုများကို တိတိကျကျထောက်ပြပြောဆိုသွားသည်။

ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်-တောင်ကိုရီးယားခရီးစဉ်
အမေရိကန်
ဇန်နဝါရီ ၂၄ - ရန်ကုန်မှ ဟာဝိုင်အီ၊ ဟိုနိုလူလူ သို့ထွက်ခွါ။
ဇန်နဝါရီ ၂၅ - ဟိုနိုလူလူတွင် - အရှေ့-အနောက်စင်တာတွင် လူထုအဖွဲ့အစည်းခေါင်းဆောင်များအားမိန့်ခွန်းပြောကြားခဲ့။
ဇန်နဝါရီ ၂၆ - ဟိုနိုလူလူတွင် - Hawaii Rotary Global Peace ဆုကိုလက်ခံရယူခဲ့သည့် Rotary Global ငြိမ်းချမ်းရေးဖိုရမ်တွင်မိန့်ခွန်းပြောကြားခဲ့ကာ ငြိမ်းချမ်းရေးဖိုရမ်၏မဏ္ဍိုင်များ (Pillars of Peace forum) တွင်အထက်တန်းကျောင်းသားများနှင်စကားပြောဆိုခဲ့။
တောင်ကိုရီးယား
ဇန်နဝါရီ ၂၈ - ဆိုးလ်သို့ရောက်ရှိ။
ဇန်နဝါရီ ၂၉ - ဆိုးလ် တွင် - တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်၊ သမ္မတနေရာကိုဆက်ခံမည့်ပတ်ဂွမ်ဟီး၊ ဆိုးလ်မြို့တော်ဝန်ပတ်ဝန်ဆန်တို့နှင့်တွေ့ဆုံခဲ့။ ပြုံချောင်းတွင် - ၂၀၁၃ခု ကမ္ဘာ့ဆောင်းရာသီအထူးအိုလံပစ်အားကစားပွဲဖွင့်ပွဲသို့တက်ရောက်ခဲ့။
ဇန်နဝါရီ ၃၀ - ပြုံချောင်းတွင် - ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးမှုထိပ်သီးဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားခဲ့။
ဇန်နဝါရီ ၃၁ - ဂွမ်ဂျူးတွင် - မေ ၁၈ အမျိုးသားသင်္ချိုင်းတွင်ပန်းခွေချခဲ့၊ ဂွမ်းဂျူးလူ့အခွင့်အရေးဆုကိုလက်ခံရယူခဲ့။

အစိုးရကတရုတ်၊ အိန္ဒိယတို့နှင့်စစ်ရေးဆက်ဆံမှုများတိုးမြှင့်

ဇန်နဝါရီလထဲတွင် မြန်မာအစိုးရသည် တရုတ်၊ အိန္ဒိယတို့ဖြင့်စစ်ရေးဆက်ဆံမှုများတိုးမြှင့်နိုင်ရန်ကြိုးစားခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်၌ရုရှား၏အဓိကလက်နက်ဝယ်ယူသူများထဲတွင် ပါဝင်ပါသည်ဟုရုရှားနိုင်ငံမှ Federal Military-Technical Cooperation Service (FSMTC) ကဇန်နဝါရီလ ၂၁ ရက်နေ့တွင်ပြောကြားလိုက်သည်။

- **ဇန်နဝါရီ ၁၉** - သမ္မတဦးသိန်းစိန်သည် နိုင်ငံနှစ်ခု၏စစ်တပ်များအကြားဆက်ဆံရေးများမြှင့်တင်ရန်အပါအဝင်ကိစ္စများအားဆွေးနွေးရန်အတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုတိယကာကွယ်ရေးဦးချုပ်ဂီဂျင်ဂေါင်နှင့်ရန်ကုန်မြို့တွင်တွေ့ဆုံခဲ့သည်။

- **ဇန်နဝါရီ ၂၀** - တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုတိယကာကွယ်ရေးဦးစီးချုပ်ဂီဂျင်ဂေါင်တို့သည်ရန်ကုန်ရှိတရုတ်-မြန်မာ လုံခြုံရေးမဟာဗျူဟာ ညှိနှိုင်းဆွေးနွေးပွဲစတင်ပြုလုပ်ခြင်းသို့ တက်ရောက်ခဲ့ကြသည်။
- **ဇန်နဝါရီ ၂၁/၂၂** - သမ္မတဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပါအဝင် အခြားအစိုးရအရာရှိများသည် စစ်ရေးဆက်ဆံရေးနှင့် နယ်စပ်လုံခြုံရေးကိစ္စများကို ဆွေးနွေးနိုင်ရန် အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီး A K Antony နှင့်သီးခြားတွေ့ဆုံမှုများပြုလုပ်ခဲ့ကြသည်။

စီးပွားရေး

မြန်မာ၏အကြွေးများအားလျှော်ပေး၊ ချေးငွေသစ်များထပ်မံပေး

ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံအထက်ရှိသည့် မြန်မာနိုင်ငံ၏များပြားလှသည့်ကြွေးမြီများ၏ ၆၀ % အားကြွေးရှင်နိုင်ငံများက လျှော်ပေးလိုက်သည်။ ထို့အပြင်ကမ္ဘာ့ဘဏ်နှင့်အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့မှငွေကြေး အကူအညီများကို မြန်မာနိုင်ငံအားတရားဝင်ပြန်လည်စတင်ပေးလိုက်သည်။

- **ဇန်နဝါရီ ၁၇** - နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအတွက်ဂျပန်ဘဏ် (JBIC) က ကမ္ဘာ့ဘဏ်နှင့်အာရှဖွံ့ဖြိုးရေး ဘဏ် (ADB) တို့တွင်တင်ရှိနေသောကြွေးကျန်များကိုရှင်းလင်းနိုင်ရန်အတွက် မြန်မာနိုင်ငံအား ကြားခံချေးငွေ အမေရိကန်ဒေါ်လာသန်း ၉၀၀ ချေးပေးလိုက်သည်။ ထိုလုပ်ဆောင်မှုသည် ထိုငွေကြေးအဖွဲ့အစည်း ၂ ခုမှမြန်မာနိုင်ငံ အားငွေကြေးအကူအညီများ ပြန်လည်ပေးနိုင်ရန်လမ်းဖောက်ပေးလိုက်ခြင်းပင်ဖြစ်သည်။
- **ဇန်နဝါရီ ၂၂** - တစ်ပုံလုံးစီးပွားရေးတည်ငြိမ်မှုကိုအထောက်အကူဖြစ်စေရန်၊ ပြည်သူ့ငွေကြေးကြီးကြပ်မှုတိုးတက်လာ စေရန်၊ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တိုးတက်လာစေရန်နှင့် မြန်မာနိုင်ငံအားငုင်း၏နိုင်ငံခြားငွေလိုအပ်မှုကိုပြည့်မီစေရန်တို့အ တွက် အမေရိကန်ဒေါ်လာသန်း ၄၄၀ ချေးသွားရန် ကမ္ဘာ့ဘဏ်မှအတည်ပြုလိုက်သည်။
- **ဇန်နဝါရီ ၂၅** - ပါရီကလပ် (ကြွေးရှင်နိုင်ငံ ၁၉ နိုင်ငံအုပ်စု) ကမြန်မာနိုင်ငံ၏အကြွေး အမေရိကန်ဒေါ်လာ ၆ ဘီလီယံကိုလျှော်ပစ်ရန်သဘောတူခဲ့ကြသည်။ ကလပ်သို့ပေးရန်ကျန်ရှိနေသော ၂.၂ ဘီလီယံအားပုံစံပြန် ပြောင်းလိုက်ကာ နောက်ထပ် ၁၅ နှစ်အတွင်းပြန်လည်ပေးဆပ်နိုင်မည်ဟုမျှော်လင့်ထားသည်။
- **ဇန်နဝါရီ ၂၈** - ADB ကနှစ် ၃၀ အတွင်းပထမဆုံးအနေဖြင့် မြန်မာနိုင်ငံ၏လူမှုရေး၊ စီးပွားရေးစီမံကိန်းများအတွက် ချေးငွေ အမေရိကန်ဒေါ်လာ ၁၂ သန်းကိုကြေငြာခဲ့သည်။

လေလံဆွဲနိုင်ရန်ရေနံနှင့်သဘာဝဓါတ်ငွေ့ရေးပြင်များဖွင့်လှစ်လိုက်

ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကုန်းတွင်းရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ကွက် ၁၈ ခုတို့၏ရှာဖွေခွင့်လိုင်စင်များအတွက် အစိုးရစွမ်းအင်ဝန်ကြီးဌာနက လေလံများခေါ်ယူလိုက်သည်။ လေလံအောင်သူများသည် လုပ်ကွက် ၃ ခု အထိအား ရှာဖွေခွင့်ရမည်ဖြစ်ကာ နိုင်ငံပိုင်မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) သို့မဟုတ် အစိုးရမှရွေးချယ်အတည် ပြုပေးသော အခြားမြန်မာကုမ္ပဏီများနှင့်ပူးတွဲလုပ်ကိုင်ရမည်ဖြစ်သည်။

မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံနိုင်သည့်အလားအလာရှိသူများသည် ထည့်သွင်းစဉ်းစားသင့် သည့် (မသေးလှသည့်) အန္တရာယ်များကို ရင်ဆိုင်နေရဆဲဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ အန္တရာယ်စမ်းစစ်မှုကုမ္ပဏီဖြစ် သော Maplecroft ကဇန်နဝါရီလ ၉ ရက်နေ့တွင်ငုင်း၏ နိုင်ငံရေးအန္တရာယ်အညွှန်း ၂၀၁၃ ကိုထုတ်ပြန်ခဲ့ကာ ထိုအထဲတွင် မြန်မာနိုင်ငံအားရင်းနှီးမြှုပ်နှံသူများရှုထောင့်မှဆိုလျှင် ၁၉၇ နိုင်ငံတွင် နံပါတ် ၅ အဆင့်၊ အန္တရာယ်အလွန် ရှိအဆင့်သတ်မှတ်ထားသည်။ Maplecroft က ရေနံရှာဖွေရေးစီမံကိန်းများတွင် MOGE ၏ ပါဝင်ပတ်သက်မှုသည် ရင်းနှီးမြှုပ်နှံသူများအားအန္တရာယ်ရှိစေနိုင်သည်ဟု သတိပေးလိုက်သည်။ ထို့အပြင် ငုင်းကအစိုးရမှခန့်အပ်ထားသော မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် စစ်တပ်နှင့်ထိစပ်မှုရှိသော ဗြူရိုကရက်များသည် ဝန်ထမ်းများအဖြစ်ရှိနေသေးကာ လုပ်ချင်ရာကိုလုပ်ချင်သလိုလုပ်နိုင်သည့်အခွင့်အာဏာများလည်း ကြီးမားစွာရှိနေသေးသည်ဟုပြောကြားလိုက်သည်။

အစိုးရ၏အကျင့်ပျက်ခြစားမှုများက ဆက်သွယ်ရေးလုပ်ငန်းအား ထိန်းချုပ်မှုလျှော့ချခြင်းအပေါ် အရိပ်မိုးလျက်ရှိ

ဆက်သွယ်ရေးဈေးကွက်အား ထိန်းချုပ်မှုများလျှော့ချရန် အစိုးရ၏ပထမဦးဆုံးအားထုတ်မှုကို ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအတွင်း၌ အကျင့်ပျက်ခြစားမှုများရှိနေသည်ဟူသောအစီရင်ခံစာများက အရိပ်ထိုးလွှမ်းမိုးလျက်ရှိနေသည်။

ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဦးသိန်းထွန်း ရာထူးမှနုတ်ထွက်ကြောင်းကို အစိုးရမှကြေငြာခဲ့သည်။ အစိုးရမီဒီယာများက ဦးသိန်းထွန်းသည်မိမိသဘောဆန္ဒအရနုတ်ထွက်ခဲ့ခြင်းဖြစ်သည်ဟု ကြေငြာခဲ့သည်။ သို့သော်ဇန်နဝါရီလ ၂၃ ရက်တွင်သူနှင့်အခြားဝန်ကြီးဌာနမှအရာရှိ ၅၀ ခန့်တို့အား လာဒ်ပေးလာဒ်ယူကိစ္စများအတွက် စစ်ကြောရေးအဝင်ခံနေရသည်ဟူသော သတင်းများထွက်ပေါ် လာသည်။

ဇန်နဝါရီလ ၁၅ ရက်နေ့တွင် အစိုးရကနိုင်ငံခြားကုမ္ပဏီများအား ဆက်သွယ်ရေးလုပ်ကိုင်ခွင့်လိုင်စင် ၂ ခုအတွက် လုပ်ကိုင်ရန်စိတ်ပါဝင်စားမှုဖော်ပြချက် (Expression of Interest) တင်ကြပါရန်ဖိတ်ကြားခဲ့သည်။ အစိုးရ၏လေလံစနစ်အားကြီးကြပ်မှု အတွေ့အကြုံမရှိခြင်းနှင့်နည်းပညာအခက်အခဲများ၏ အကျိုးဆက်အဖြစ် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖော်ပြချက်တင်ရန်နောက်ဆုံးသတ်မှတ်ရက်ကိုဇန်နဝါရီ ၂၅ မှ ဖေဖော်ဝါရီ ၈ ရက်နေ့သို့ထပ် တိုးပေးခဲ့ရသည်။ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်စင်္ကာပူမှ ST Telemedia နှင့် Singapore Telecommunications၊ မလေးရှားမှ Axiata၊ နော်ဝေးမှTelenor နှင့် အိန္ဒိယမှ Airtel တို့အပါအဝင်အနည်းဆုံး ကုမ္ပဏီ ၁၈ ခုတို့မှ လုပ်ကိုင်ရန်စိတ်ပါဝင်စားမှုဖော်ပြချက်များတင်ခဲ့ကြသည်ဟု သတင်းရရှိခဲ့သည်။

ဇန်နဝါရီလအတွင်း အခြားမြန်မာနိုင်ငံဆိုင်ရာသတင်းများ

၁	ရန်ကုန်မြို့လျှပ်စစ်ဖြန့်ဝေရေးဘုတ်အဖွဲ့က ရန်ကုန်တိုင်းအတွင်းလူနေရပ်ကွက်များအတွင်းရှိ အသေးစားနှင့်အလတ်စားစက်ရုံများအားခွဲတမ်းဖြင့်လျှပ်စစ်ပေးဝေမှုကိုစတင်လိုက်သည်။
၃	ကချင်ပြည်နယ်မှအဖွဲ့ဝင်တချို့ကျူးလွန်ခဲ့သည့် ၁၉၉၂ ခုနှစ်အစုအပြုံလိုက်သတ်ဖြတ်ခဲ့မှုအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များအားမေလတွင်ထုတ်ပြန်သွားမည်ဟု ABSDF အဖွဲ့ကပြောကြားလိုက်သည်။
၃	စင်္ကာပူအစိုးရက ဒီဇင်ဘာလတွင်ရိုဟင်ဂျာလှေစီးဒုက္ခသည်များအားလက်ခံရန် ငြင်းပယ်ခဲ့ပြီးနောက် နိုင်ငံရေးခိုလှုံခွင့်ရရှိလိုသူများနှင့် ဒုက္ခသည်များအတွက်တံခါးဖွင့်ပေးထားခြင်းသည် ဆိုးဝါးသောလူမှုရေး၊ စီးပွားရေးနှင့်လုံခြုံရေးပြဿနာများကိုဖြစ်ပေါ်စေနိုင်ပါသည်ဟု ပြောကြားလိုက်သည်။
၃	သမ္မတဦးသိန်းစိန်က ဂျပန်နိုင်ငံမှရင်းနှီးမြုပ်နှံမှုများနှင့်ဖွံ့ဖြိုးရေးအကူအညီများအား မြှင့်တင်ရေးအတွက်ဆွေးနွေးနိုင်ရန် ဂျပန်နိုင်ငံဒုတိယဝန်ကြီးချုပ်တာရိုအာဆိုနှင့် နေပြည်တော်တွင်တွေ့ဆုံခဲ့သည်
၄	အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးမာတီနာတာလီဂါဝါက ရခိုင်ပြည်နယ်မှ လူမျိုး၊ ဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုများ၏ဒါဏ်ကိုခံစားခဲ့ကြရသူများအတွက် အကူအညီအဖြစ်အမေရိကန်ဒေါ်လာ ၁ သန်းပေးအပ်မည်ဟုပြောကြားလိုက်သည်။
၄	အသက် ၃၃ နှစ်အရွယ် နိုင်ငံရေးအကျဉ်းသားဟောင်းကိုဖြိုးဝေအောင်သည် ရန်ကုန်ရှိသူ၏နေအိမ်တွင်ကွယ်လွန်သွားခဲ့သည်။
၅	ရှမ်းပြည်နယ်၊ လင်းခေးမြို့နယ်တွင် အစိုးရတပ်များနှင့် SSA-S တပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
၅	ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဘာဆာရာကျေးရွာတွင် ဗလီတခုအား နစက အဖွဲ့ဝင်များကဖျက်ဆီးခဲ့ကြသည်။
၅	သမ္မတဦးသိန်းစိန်က နေပြည်တော်တွင် KNU ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးမူတူးဆေးဖိုးနှင့်တွေ့ဆုံစဉ်၌ သူ၏သမ္မတသက်တမ်းအတွင်း တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိစေရန် လုပ်ဆောင်သွားမည်ဟုပြောကြားလိုက်သည်။
၆	ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်လူငယ်အဖွဲ့နှင့် ဒေသခံများကရခိုင်လူထုနှင့်ထိစပ်လာနိုင်သောနေရာများတွင် ရိုဟင်ဂျာဒုက္ခသည်စခန်းများဆောက်လုပ်ခြင်းကို ဆန့်ကျင်ခဲ့ကြသည်။
၆	တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နေပြည်တော်တွင် KNU ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးမူတူးဆေးဖိုးနှင့်တွေ့ဆုံစဉ်၌ KNU နှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုထောက်ပံ့ကူညီသွားမည်ဟု ကတိပေးလိုက်သည်။
၇	အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးမာတီနာတာလီဂါဝါသည် ရခိုင်ပြည်နယ်မောင်တောမြို့နယ်၊ မင်းပြားမြို့နယ်၊ ကျောက်တော်နှင့်ပေါက်တောမြို့နယ်များမှ လူမျိုး၊ဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုများ၏ဒါဏ်ကို ခံစားခဲ့ကြရသူများထံသွားရောက်ခဲ့သည်။
၈	သမ္မတဦးသိန်းစိန်က ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကိုမြှင့်တင်ရန်နှင့် အကျင့်ပျက်ခြစားမှုများကိုတိုက်ဖျက်ရန် ဒုတိယ

	သမ္မတစိုင်းမောက်ခမ်းဦးဆောင်သော အဖွဲ့ဝင် ၉ ဦးပါအကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။
၈	အစိုးရက ပြန်ကြားရေးဒုဝန်ကြီးဦးရဲထွတ်ကို သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူအဖြစ် ခန့်အပ်လိုက်သည်။
၉	ဒေါ်အောင်ဆန်းစုကြည်ကသူမအား သမ္မတမဖြစ်စေရန်အတားအဆီးဖြစ်နေသော ဖွဲ့စည်းပုံဆိုင်ရာပြဋ္ဌာန်းချက်ကိုဝေဖန်လိုက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသည်အမှားအမှန်မူဝါဒအပေါ်တွင်သာအခြေခံရေးဆွဲသင့်ပြီး တဦးချင်းအပေါ်တွင်အခြေခံ၍ မရေးဆွဲသင့်ကြောင်းပြောကြားလိုက်သည်။
၉	ဒေါ်အောင်ဆန်းစုကြည်က အစိုးရနှင့်နီးစပ်သောခရိုနီစီးပွားရေးလုပ်ငန်းရှင်များထံမှ အလှူငွေကိုလက်ခံသင့်သည်ဟု ပြောကြားလိုက်သည်။
၉	အမေရိကန်ပရဟိတအလှူရှင်ဂျော့စ်ဆိုးရော့ဇ်သည် နေပြည်တော်တွင်သမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံခဲ့ကာ အစိုးရစီးပွားရေးနှင့်မီဒီယာမူဝါဒပြုပြင်ပြောင်းလဲမှုများကို ဆွေးနွေးခဲ့သည်။
၉	ထိုင်းအမျိုးသားစီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှုဘုတ်အဖွဲ့က ထားဝယ်စီမံကိန်းအတွက်ကုန်ကျစရိတ်အသစ်မှာ ထိုင်းဘတ်ခန့်မှန်းခြေ ၃၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ) ရှိလိမ့်မည်ဟုပြောကြားခဲ့ကာ ထိုပမာဏသည်လွန်ခဲ့သည့် ၂ နှစ်က ITD မှရေးဆွဲခဲ့သော အမေရိကန်ဒေါ်လာ ၆.၇ ဘီလီယံထက်မြင့်မားလာသည်။
၉	သမ္မတဦးသိန်းစိန်က မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာသဘောတူညီချက်များကို အကောင်အထည်ဖော်မှုတို့ကိုဆွေးနွေးနိုင်ရန် အမေရိကန်မှအဖွဲ့တဖွဲ့နှင့် နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။
၉	ဒီဇင်ဘာလထုတ်မဂ္ဂဇင်းတွင် မလုံ့တလုံအဝတ်အစားများနှင့် လိင်စိတ်ကိုနှိုးဆွစေနိုင်သောအမျိုးသမီးများ၏ပုံများကိုဖော်ပြခဲ့ခြင်းဖြင့် ဖက်ရှင်မဂ္ဂဇင်းဟူသောခွင့်ပြုချက်မှသွေဖီနေသည်ဟူသော စွပ်စွဲချက်များဖြင့် လစဉ်ထုတ် "ညို့" မဂ္ဂဇင်း၏ထုတ်ဝေခွင့်လိုင်စင်ကို အစိုးရအာဏာပိုင်များကပြန်လည်ရုတ်သိမ်းလိုက်သည်။
၉	အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးမာတီနာတာလီဂါဝါက ရခိုင်ပြည်နယ်မှခွဲခြားဆက်ဆံသည့်မူဝါဒကိုဝေဖန်လိုက်ပြီး ပြန်လည်သင့်မြတ်ရေးရှိရမည်ဟု ပြောကြားလိုက်သည်။
၁၂	မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီးဒဲရက်မစ်ရှယ်သည် တည်ရှိနေသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုဆွေးနွေးနိုင်ရန် မွန်ပြည်နယ်၊ မော်လမြိုင်၌မွန်တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။
၁၃	တရုတ်ပြည် ယူနန်ပြည်နယ်မှအာဏာပိုင်များက ကချင်ပြည်နယ်မှတိုက်ပွဲများကြောင့် ဒုက္ခသည်များလိုမ့်ဝင်လာမှုအတွက် ပြင်ဆင်သည့်အနေဖြင့် ဒုက္ခသည် ၁၀၀၀၀ အတွက်လိုအပ်သောအထောက်အပံ့ပစ္စည်းများဖြင့် စခန်းလေးခုကိုပြင်ဆင်ထားပါသည်ဟု ကြေငြာခဲ့သည်။
၁၃	မြန်မာ့စာနယ်ဇင်းကောင်စီ (ယာယီ) အတွင်းရေးမှူးဦးကျော်မင်းဆွေက ကောင်စီအား ၂၀၁၂ ခုစက်တင်ဘာလတွင်တည်ထောင်ခဲ့ပြီးကတည်းက သတင်းမီဒီယာများအပေါ်တိုင်ကြားခဲ့သည့် ပြဿနာပေါင်း ၃၀ ကိုကူညီဖြေရှင်းပေးခဲ့သည်ဟုပြောကြားလိုက်သည်။
၁၄	၈၈ မျိုးဆက်ကျောင်းသားမင်းကိုနိုင်၊ ကိုကိုကြီးနှင့် ကိုပြုံးချိုတို့သည် ငြိမ်းချမ်းရေးနှင့်ပဋိပက္ခလေ့လာရေးစင်တာ (Center for Peace and Conflict Studies) မှစီစဉ်သော ဖိလစ်ပိုင်နိုင်ငံလေ့လာရေးခရီးစဉ်ကို စတင်ခဲ့သည်။
၁၄	အရွယ်မရောက်ခင်ကတည်းက အစိုးရစစ်တပ်မှစစ်သားအဖြစ်စုဆောင်းခြင်းခံခဲ့ရသည့် စစ်အကျဉ်းသား (စစ်သုံ့ပန်း) အဖြစ်ထိန်းသိမ်းခံထားရသော အစိုးရတပ်မှစစ်သား ၈ ဦးအား KIA မှပြန်လွှတ်ပေးခဲ့သည်။
၁၅	တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်ာပူ၌စက်ာပူဝန်ကြီးချုပ်လီရှင်လွန်းနှင့်တွေ့ဆုံခဲ့သည်။
၁၅	ဒုတိယသမ္မတစိုင်းမောက်ခမ်းသည် ပဋိပက္ခဒေသများသို့ UN ၏လူသားချင်းစာနာသည့်အကူအညီများ ထောက်ပံ့ပေးမှုနှင့် ရခိုင်ပြည်နယ်မှလူမျိုးဂိုဏ်းဂဏအခြေခံဆူပူမှုစသည်တို့ကိုဆွေးနွေးနိုင်ရန်အတွက် နေပြည်တော်တွင်ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးမစ္စတာဗီဂျေးနမ်ဘီးယားနှင့်တွေ့ဆုံခဲ့သည်။
၁၆	သမ္မတဦးသိန်းစိန်သည် နည်းပညာ၊ ကျန်းမာရေး၊ ပညာရေးနှင့်လူသားအရင်းမြစ်စသည်တို့တွင် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုအားမြှင့်တင်နိုင်ရန်အတွက်ဆွေးနွေးရန် ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergei Lavrovနှင့် နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။
၁၇	ထိုင်းဝန်ကြီးချုပ်ယင်လပ်ရှင်နာဝပ်က တနင်္သာရီတိုင်းရှိ ထားဝယ်စီမံကိန်းဖွံ့ဖြိုးလာစေရန်အတွက် ထိုင်း၊မြန်မာတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပါရန် ဂျပန်နိုင်ငံအားတိုက်တွန်းလိုက်သည်။
၁၇	တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အာဆီယံရေးရာများကိုဆွေးနွေးနိုင်ရန်အတွက် ကွာလမ်လမ်ပူမြို့တွင်မလေးရှားဝန်ကြီးချုပ်နာဂျစ်ရာဇတ်နှင့်တွေ့ဆုံခဲ့သည်။
၁၇	EU ကော်မရှင်က ၂၀၁၃ ခုနှစ်တွင်ရန်ကုန်၌ EU အဖွဲ့ရုံးဖွင့်လှစ်မည်ဟုပါရှိသည့် ကြေငြာချက်တစောင်ကိုထုတ်ပြန်ခဲ့ သည်။
၁၈	အစိုးရ၏လူ့အခွင့်အရေးကော်မရှင်က ကချင်ပြည်ရှိပဋိပက္ခအား အပြန်အလှန်လက်ခံနိုင်သောဖြေရှင်းမှုကိုပြုလုပ်ပါရန်နှင့် ဒုက္ခသည်များအား လူသားချင်းစာနာသည့်အကူအညီများပေးပို့ပါရန် တိုက်တွန်းထားသည့်ကြေငြာချက်တစောင်ကို ထုတ်

	ပြန်ခဲ့သည်။
၁၉	ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာဒုက္ခသည်စခန်းတခု တည်ဆောက်ရန်အစိုးရအရာရှိများနှင့် သဘောတူညီမှုရရှိထားပြီဟု အီရန်ကပြောကြားလိုက်သည်။
၁၉	နေပြည်တော်တွင်နိုင်ငံတကာအလှူရှင်များအားမိန့်ခွန်းပြောကြားရာတွင် သမ္မတဦးသိန်းစိန်ကစီးပွားရေးဖွံ့ဖြိုးမှုနှင့်လူနေမှုအဆင့်အတန်းများကို မြှင့်တင်ရန်လူထုအားဗဟိုပြုသည့်ချဉ်းကပ်ပုံမျိုးဖြင့် အစိုးရကပြုလုပ်နေပါသည်ဟုပြောကြားခဲ့သည်။
၁၉	တရုတ်အမျိုးသားရေနံကုမ္ပဏီ (China National Petroleum Corporation) က တရုတ်-မြန်မာဆက်သွယ်သည့် ရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်းသည် မေ ၃၀ ရက်နေ့တွင်ပြီးစီးကာ ဇွန်လစောစောပိုင်းတွင်စတင်အသုံးပြုနိုင်မည်ဟု မျှော်လင့်ကြောင်းပြောကြားသည်။
၁၉	သမ္မတဦးသိန်းစိန်က ကချင်ပြည်နယ်မှပဋိပက္ခများအားဆွေးနွေးရန် တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးဖူရင်းနှင့် ရန်ကုန်တွင်တွေ့ဆုံခဲ့သည်။
၂၀	ပဲခူးတိုင်း၊ ကျောက်ကြီးတွင် KNU နှင့် KNLA အရာရှိများနှင့်တွေ့ဆုံစဉ်၌ ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်းဆွေးနွေးခဲ့ပါသည်။
၂၁	ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဌအန်ခါနာနီးလပိုင်ဂျစ်က မြန်မာနိုင်ငံမှထွက်ပြေးလာနေသောရိုဟင်ဂျာများကိစ္စသည် အာဆီယံအဆင့်အဖြစ်ကိုင်တွယ်သင့်သည်ဟု ပြောကြားလိုက်သည်။
၂၁	အာဆီယံလူ့အခွင့်အရေးကော်မရှင်က အစီရင်ခံစာတစောင်ထုတ်ပြန်ခဲ့ကာ ထိုအစီရင်ခံစာတွင် ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်တို့တွင် အစိုးရစစ်သားများကအရပ်သားများအား ကျူးကြောင်းမဲ့စိတ်ထင်သလိုဖမ်းဆီးခဲ့မှုနှင့်ညှင်းပန်းနှိပ်စက်ခဲ့မှု ၃၆ ခုတို့အားအထောက်အထားများဖြင့်ဖော်ပြထားသည်။
၂၂	ကရင်ပြည်နယ်ဖာပွန်မြို့နယ် မယ်လထတွင် BGF တပ်သားများနှင့် KNLA တပ်ဖွဲ့များတိုက်ပွဲဖြစ်ပွားခဲ့သည်။
၂၄	ကချင်ပြည်နယ် လိုင်ဇာဆေးရုံမှဒေသခံဆရာဝန်တဦးက ထွက်ပြေးလာခဲ့ရသောရွာသားများ၏ ကျန်းမာရေးအခြေအနေမှာပျက်စီးယိုယွင်းလျက်ရှိကာ ဒုက္ခသည်စခန်းများ၏ဆိုးဝါးသောအခြေအနေများ၏ ရလာဒ်အဖြစ်ကလေးဒါဇင်ပေါင်းများစွာတို့သည်ဝမ်းရောဂါခံစားနေကြရသည်ဟုပြောကြားသည်။
၂၄	အစိုးရကဝင်း၏ စာပေစီစစ်ရေးဘုတ်အဖွဲ့ကိုဖျက်သိမ်းလိုက်သည်။
၂၅	အမေရိကန်လူဦးရေ၊ဒုက္ခသည်နှင့်ရွှေ့ပြောင်းခြင်းပြုရှိအရာရှိက ထိုင်းနိုင်ငံမှမြန်မာဒုက္ခသည်များအတွက် ရွှေ့ပြောင်းအခြေချနိုင်ရန်လက်ခံပေးမှုအစီအစဉ်ကို မေလကုန်တွင်အမေရိကန်မှဆက်လက်ပြုလုပ်တော့မည်မဟုတ်ဟု ကြေငြာခဲ့သည်။
၂၆	ဒေသခံအစိုးရအာဏာပိုင်များက ဗလီများတွင်ဝတ်ပြုခြင်းကိုတားမြစ်ခဲ့ကာ ရခိုင်ပြည်နယ်၊မောင်းတော်မြို့နယ်မှအစ္စလာမ်ကျောင်းများကိုလည်းပိတ်ပစ်ရန် အမိန့်ထုတ်ခဲ့သည်။
၂၇	ထိုင်းနိုင်ငံ တပ်ခ်ခရိုင် မဲဆောက်ဒေသတွင်နေထိုင်နေကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ကလေးများအတွက်ကျောင်းများသို့ ကျပ်ငွေ ၁၂ သန်း (အမေရိကန်ဒေါ်လာ ၁၅၀၀၀) လှူဒါန်းနိုင်ရန်အတွက် ကရင်ပြည်နယ်၊ မြဝတီတွင် NLD ကအခမ်းအနားတခုကျင်းပခဲ့သည်။
၂၇	မြန်မာအစိုးရ၏အကောက်ခွန်ဌာနမှ အဆင့်မြင့်အရာရှိတဦးက အကောက်ခွန်စည်းမျဉ်းများအားထိထိရောက်ရောက်သက်ရောက်မှုရှိနိုင်ရေးအတွက် မက်လုံးပေးသည့်အနေဖြင့် ဌာနမှရရှိသောအခွန်ငွေ၏ ၁၀ % ကိုအရာရှိများကမိမိတို့၏အိတ်ထဲသို့ထည့်ကြသည်ဟု ဝန်ခံလိုက်သည်။
၂၈	ဒွန်ခါရာဒန်ကျေးရွာမှရွာသားများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပွားစဉ်တွင် ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ်မှအစိုးရစစ်တပ်စစ်သားတဦးကမွတ်ဆလင်ရွာသားတဦးအား ပစ်သတ်ခဲ့သည်။
၂၉	မြန်မာနိုင်ငံမှကလေး ၂၀၀၀၀၀ ကျော်တို့အားအရည်အသွေးရှိသောပညာရေးကိုပံ့ပိုးပေးနိုင်ရန်အတွက် ရံပုံငွေအမေရိကန်ဒေါ်လာ ၂၁.၀၂ သန်းနှင့် "မြန်မာပညာရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့" ကိုဖွဲ့စည်းလိုက်ကြောင်း အင်္ဂလန်နှင့်ဩစတေးလျအစိုးရများကကြေငြာလိုက်သည်။
၂၉	နှစ်ဖက်အကြားဆွေးနွေးပွဲများကို ရှမ်းပြည်နယ်၊ ပန်ဆန်းတွင်လက်ခံပြုလုပ်ပေးရန် UWSA ၏အဆိုပြုချက်ကို KIO ရောအစိုးရကပါလက်ခံလိုက်ကြောင်း UWSA ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်အောင်ကပြောကြားလိုက်သည်။
၂၉	ရခိုင်ပြည်နယ်မှခွဲခြားဆက်ဆံမှုမူဝါဒကိုအဆုံးသတ်ရန်၊ ရိုဟင်ဂျာများအားလွတ်လပ်စွာသွားလာခွင့်ပြုရန်နှင့် သူတို့အားအလုပ်အကိုင်နှင့်ဝန်ဆောင်မှုများရရှိနိုင်ရန်အတွက်ပံ့ပိုးပေးရန်တို့အား AIPMC မှမြန်မာအစိုးရအားတောင်းဆိုလိုက်သည်။
၂၉	၂၀၁၃ ခုနှစ်တွင်ရန်ကုန်၌ ကုန်သွယ်ရေးရုံးတခု ဩစတေးလျမှဖွင့်လှစ်သွားမည်ဟု ဩစတေးလျကုန်သွယ်ရေးနှင့်ပြိုင်ဆိုင်မှုဝန်ကြီး Craig Emerson ကပြောကြားလိုက်သည်။
၃၀	ရခိုင်ပြည်နယ်မှလူမျိုးဂိုဏ်းဂဏအခြေခံ အကြမ်းဖက်မှုများ၏ဒါဏ်ကိုခံခဲ့ကြရသောသူများအတွက် အမေရိကန်မှနောက်ထပ်အရေးပေါ်အကူအညီ အမေရိကန်ဒေါ်လာ ၄.၂ သန်းပေးလိုက်သည်ဟု ရန်ကုန်မှအမေရိကန်သံရုံးကပြောကြားလိုက်သည်။
၃၁	ဝန်ကြီးဌာနမှတရားစွဲဆိုထားမှုကိုပြန်လည်ရုတ်သိမ်းရန်ဆုံးဖြတ်အပြီးတွင် အပတ်စဉ်ထုတ် Voice ဂျာနယ်အား သတ္တုတွင်းဝန်ကြီးဌာနမှအသရေပျက်မှုဖြင့်တရားစွဲဆိုထားမှုကို ရန်ကုန်မြို့၊ ဒဂုံမြို့နယ်တရားရုံးကပလပ်ပေးလိုက်သည်။
၃၁	ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံ၌ပြုလုပ်မည့်ရွှေမြွေဟောက်စစ်ရေးလေ့ကျင့်မှုကို လေ့လာရန်အတွက် မြန်မာအစိုးရကစစ်တပ်

	အရာရှိ ၂ ဦးအားစေလွှတ်လိမ့်မည်ဟု ထိုင်းအဆင့်မြင့်စစ်အရာရှိတဦးကပြောကြားလိုက်သည်။

ဇန်နဝါရီလအတွင်းထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့်အစီရင်ခံစာများ

"ပြောင်းလဲရန်အတွက်အခွင့်အလမ်း - မြန်မာနိုင်ငံမှကလေးစစ်သားစုဆောင်းမှုနှင့်အသုံးပြုမှုအဆုံးသတ်ရေး" နိုင်ငံတကာကလေးစစ်သားအဖွဲ့ http://bit.ly/11RTLkk

"အထူးအမှုတွဲ - ကချင်လွတ်မြောက်ရေးတပ်မတော်နှင့်ဆက်သွယ်သည်ဟုစွပ်စွဲခံရသူများအား ၁၉၀၈ ခုမတရားအသင်းဥပဒေဖြင့်စွဲဆိုသည့်အမှုများ" အာရှလူ့အခွင့်အရေးကော်မရှင် http://bit.ly/Yi6Q5C

"၂၀၁၂ ခု ဒီဇင်ဘာလအတွက် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ၏လစဉ်သတင်းမှတ်တမ်း" နိုင်ငံရေးအကျဉ်းသားများကူညီ စောင့်ရှောက်ရေးအဖွဲ့ (AAPP) http://bit.ly/13Q33fe

"ကချင်မြေမှလေကြောင်းစစ်ပွဲ - မြန်မာစစ်တပ်၏ ကချင်နယ်မြေအားလေကြောင်း တိုက်ခိုက်မှုများ - ၂၀၁၂ ခု ဒီဇင်ဘာ ၄ - ၂၀၁၃ ခု ဇန်နဝါရီ ၈" Maje စီမံကိန်း http://bit.ly/SzZsPX

"မြန်မာနွေဦး" နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (RSF) http://bit.ly/XF2YYr

"စာနယ်ဇင်းလွတ်လပ်ခွင့်အညွှန်း၂၀၁၃ခု" နယ်စည်းမခြားသတင်းထောက်များအဖွဲ့(RSF) http://bit.ly/12aZBgV

"ကမ္ဘာပေါ်မှလွတ်လပ်ခွင့် ၂၀၁၃ခု" လွတ်လပ်ခြင်းအိမ်အဖွဲ့ http://bit.ly/WfSg9j

"ကမ္ဘာအစီရင်ခံစာ ၂၀၁၃ခု" လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) http://bit.ly/14tczFf

"မြန်မာနိုင်ငံ - ဝန်ထမ်းများစောင့်ကြည့်လေ့လာရေးအစီအစဉ်" အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့ (IMF) http://bit.ly/UyMhNz

"မြန်မာနိုင်ငံမှ အသေးစားငွေချေးခြင်းလုပ်ငန်း - ကဏ္ဍအလိုက်ဆန်းစစ်မှု" နိုင်ငံတကာငွေကြေးအဖွဲ့ (IFC) http://bit.ly/WAefat

"GIEWS နိုင်ငံဆိုင်ရာအချက်အလက် - မြန်မာနိုင်ငံ" စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) http://bit.ly/V5L26Z

"စစ်တွေမြို့နယ်အတွင်းရှိမရွှေ့ပြောင်းရသောလူဦးရေအား လျင်မြန်စွာစမ်းစစ်ချက်" ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) http://bit.ly/WXJITe

"အာရှ-ပစိဖိတ်လူသားချင်းစာနာမှုဆိုင်ရာသတင်းလွှာ - ဇန်နဝါရီလမှဒီဇင်ဘာလ ၂၀၁၂ခု" ကမ္ဘာ့ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာကိစ္စများပူးပေါင်းဆောင်ရွက်ရေးရုံး (UNOCHA) http://bit.ly/11Nk8bd